## နိဒါန်း

မြန်မာနိုင်ငံတွင် အာဏာရှင်ဆန်ဆန်အုပ်ချုပ်နေသော စစ်အစိုးရက လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အဓမ္မလုပ်အား ခိုင်းစေမှုများ၊ အတင်းအကျပ် ဖမ်းဆီးထိန်းသိမ်းမှုများ ၊ နှိပ်စက်ညှဉ်းပမ်းမှုများ၊ တရားဥပဒေမဲ့ သတ်ဖြတ်နေမှုများ ကျူးလွန်နေမှုတို့ကြောင့် လွန်ခဲ့သော နှစ်ပေါင်း (၂၀) ကြာ ကာလအတွင်း မြန်မာနိုင်ငံမှ ဒုက္ခသည်များသည် ထိုင်းနိုင်ငံတွင်းသို့ ထွက်ပြေးခိုလှုံလာနေခဲ့ကြပါသည်။ ထိုင်းနိုင်ငံအတွင်း ဤသို့ခိုလှုံနေကြသော ဒုက္ခသည် အရေအတွက် သိန်းကျော်ရှိနေသည့်အနက် လူဦးရေ တသိန်းခွဲခန့်မှာ ဒုက္ခသည်စခန်းများအတွင်း၌ နေထိုင်နေကြပါသည်။ ထိုဒုက္ခသည်စခန်းများသည် ကာလကြာရှည် အိုးအိမ်အတည်တကျ မထူထောင်နိုင်ဘဲ ထွက်ပြေးတိမ်းရှောင်နေကြရသူများအတွက် တာရှည်ခံခိုလှုံ အခြေချနေထိုင်ရာနေရာများဖြစ်လာပြီး များမကြာသေးမီ ကာလများအတွင်း ထိုကဲ့သို့သော ခိုလှုံရာနေရာများ ရှားပါးလာပါသည်။ သို့သော်လည်း (၂၀၀၅) ခုနှစ်မှ စတင်၍ မြန်မာဒုက္ခသည်အချို့မှာ တတိယနိုင်ငံများသို့ သွားရောက်အခြေချနေထိုင်ရန် ကြိုးပမ်းမှုများ ရှိလာပါသည်။

ဤသို့ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရေးအစီအစဉ် အရှိန်ရလာသည်နှင့်အမျှ စခန်းနေလူအများက တတိယနိုင်ငံများတွင် ဘဝသစ်စတင်ရန်အတွက် ထွက်ခွါနိုင်ရန် ပြင်ဆင်မှုများ ဆောင်ရွက်လာခဲ့ပါသည်။ သို့အတွက်ကြောင့် စခန်းတွင်း စီမံခန့်ခွဲရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အကျိုးသက်ရောက်ပုံကို ပိုမိုရှင်းလင်းစွာ သိရှိနိုင်ရန် လိုအပ်လာပါသည်။ လူအများစု အတွက် ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရေး အစီအစဉ်များသည် မျှော်လင့်ချက်အသစ်များ၊ အခွင့်အလန်းများကို ရရှိလာစေနိုင်သည့်အပြင် ကာလတာရှည်စခန်းအတွင်း အခြေချနေထိုင် ရသောဘဝမှ ထာဝရလွတ်မြောက်စေနိုင်သောထွက်ပေါက်အဖြေအဖြစ်လည်း မြင်လာကြပါသည်။ သို့သော်လည်း အရည်အချင်းရှိသော၊ ပညာတတ်သော၊ အတွေ့အကြုံကျွမ်းကျင်မှုရှိသောသူများနှင့် စခန်းရှိ လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေကြသူ ရပ်ရွာခေါင်းဆောင်များ ထွက်ခွါသွားမှုကြောင့် ကျန်ရှိနေသေးသူ ဒုက္ခသည်များအတွက် စခန်းတွင်း ဆောင်ရွက်ပေးနေသော ဝန် ဆောင်မှုလုပ်ငန်းများအပေါ် ဆိုးကျိုးသက်ရောက်မှုအနည်းဆုံး ဖြစ်စေရန်အတွက် အကောင်းဆုံးဖြစ်အောင် မည်ကဲ့သို့ဆောင်ရွက်ကြမည်နည်းဆိုသည့်ကိစ္စနှင့်ပတ်သက်၍ စိုးရိမ်ပူပန်များကို ဖြစ်ပေါ်လာပါသည်။

## ဆောင်ရွက်ပုံနည်းနာ

ဤလေ့လာမှု၏ ရည်ရွယ်ချက်မှာ (CCSDPT) ၏ ရည်ညွှန်းချက်များတွင် ဖော်ပြထားသည့်အတိုင်း ထိုင်း–မြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်ကြသူများ ပြောင်းရွှေ့အခြေချထွက်ခွါသွားခြင်းကြောင့် စခန်းတွင်း စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုအပေါ် အကျိုးသက်ရောက် ဂယက်ရိုက်ခတ်မှုရှိလာပုံကို ပြန်လှန်သုံးသပ်နိုင်ရန် ဖြစ်ပါသည်။ ဤလေ့လာမှု၏ လုပ်ငန်းများတွင် ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုများကြောင့် စခန်းတွင်း ကျန်ရှိနေသေးသည့်ဒုက္ခသည်များအပေါ် အမှန်တကယ်အကျိုးသက်ရောက် ထိခိုက်လာသည့် အခြေအနေများနှင့် တင်ကြိုမျှော်လင့်ထားရမည့် အကျိုးသက်ရောက်မှုများကို လေ့လာအကဲဖြတ်ရန် ဖြစ်ပါသည်။ ထို့အပြင် လက်ရှိဆောင်ရွက်နေသော၊ ဆောင်ရွက်ရန် ရည်ရွယ်ထားသော ကူညီပံ့ပိုးဆောင်ရွက်မည့်လုပ်ငန်းများကို လေ့လာရန်နှင့် ဤပြဿနာအပေါ် ရေရှည်ရည်မှန်းချက်ထား၍ တုံ့ပြန်ဖြေရှင်းနိုင်ရန်အတွက် အကြံပြုချက်များ ပေးနိုင်ရန် ဖြစ်ပါသည်။

ဤသုတေသနလုပ်ငန်းတွင် အရည်အသွေးအရ ချဉ်းကပ်လေ့လာမှုနှင့် အရေအတွက်အရ ချဉ်းကပ်လေ့လာမှု နှစ်မျိုးစလုံးပါဝင်မည် ဖြစ်ပါသည်။ အရေအတွက်အရ လေ့လာမှုများတွင် စခန်းအတွင်းနေထိုင်နေကြသော ဒုက္ခသည်များအတွင်းရှိ အရည်အချင်းရှိသော၊ ပညာတတ်သော၊ အတွေ့အကြုံ ကျွမ်းကျင်မှုရှိသောသူများ အရေအတွက်၊ စခန်းအတွင်း စီမံခန့်ခွဲရေးနှင့်

ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် လိုအပ်မည့်အရေအတွက်၊ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မည့် အစီအစဉ်တွင် ပါဝင်ပြီးသားသူများ၏ အရေအတွက်များကို ကောက်ယူစုဆောင်းလေ့လာမည် ဖြစ်ပါသည်။ ဤကိန်းဂဏန်းများကို လေ့လာခြင်းဖြင့် လာမည့် ၂၀၀၇–၂၀၀၈ ခုနှစ်အတွင်း ဖြစ်ရှိလာမည့် ပညာတတ်သူ–ပညာမတတ်သူ လူဦးရေကို ခန့်မှန်းသိရှိ စေမည် ဖြစ်ပါသည်။ ရွှေ့ပြောင်းအခြေချနေထိုင်မှုကြောင့် ဖြစ်လာသည့်အကျိုးဆက်ကို အရည်အသွေးပိုင်းဆိုင်ရာအရလည်း လေ့လာခဲ့ပြီး လုပ်ငန်းများ၏ လက်တွေ့သဘော သဘာဝအမှန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ သဘောသဘာဝအမှန်ကို အတိ အကျနားလည်သဘောပေါက်စေခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုများ ဆောင်ရွက်နေစဉ်ကာလအတွင်း သုတေသနပြုသူများက တတ်နိုင်သမျှ ဘက်လိုက်မှုမရှိစေဘဲ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုကိစ္စနှင့် ပတ်သက်၍ ကြားနေသဘော ရပ်တည်ဆောင်ရွက်ခဲ့ကြပါသည်။ ဤနည်းအားဖြင့် တုံ့ပြန်ဖြေကြားသူများက သူတို့ကိုယ်တိုင်၏ ထင်မြင်ယူဆချက်များ၊ အလေးပေးဆောင်ရွက်သင့်သည်ဟု ၎င်းတို့ထင်မြင်သည့်ကိစ္စများကို သိရှိစုဆောင်းနိုင်ခဲ့ပါသည်။

## လက်ငင်းဖြစ်ပေါ်နေသော ရွှေ့ပြောင်းအခြေချမှု အခြေအနေ

ဆွေးနွေးမေးမြန်းအကြံဉာဏ်ရယူမှုများမှ ရရှိလာသောသိသာထင်ရှားသည့် ပင်မအချက်အလက်များက ထိုင်းနိုင်ငံတွင်းရှိ ဒုက္ခသည်စခန်းများတွင် ဖြစ်ပျက်နေသော ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုအခြေအနေ၏ သရုပ်သကန်ကို ပေါ်လွင်စေပါသည်။ ပထမအချက်အနေဖြင့် ဒုက္ခသည်များကိုယ်တိုင်၏ ရှာဖွေတွေ့ရှိချက်တစ်ခုဖြစ်သော စခန်းရှိ အထွေထွေအခြေအနေတစ်ခုလုံးကိုယ်၌ကပင် ဒုက္ခသည်များအား ပြောင်းရွှေ့ပြန်လည်အခြေချနေထိုင်ရန်အတွက် ကြိုးပမ်းလာစေသော သို့မဟုတ် ထိုသို့ရွှေ့ပြောင်းအခြေချနေထိုင်ရန် ရွေးချယ်စရာအချက်တစ်ချက်အဖြစ် စဉ်းစားလာရစေသောအဓိကအကြောင်းရင်း ဖြစ်နေခြင်းပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ပွားနေသော အပြီးမသတ်နိုင်သည့်ပဋိပက္ခများက ဒုက္ခသည်များအား ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် ခိုလှုံနေရမှုကာလကို တာရှည်စေပါသည်။ အချို့ဆိုလျှင် အနှစ် ၂၀ ပင်ကျော်နေကြပြီဖြစ်သည်။ လောလောဆယ်တွင် စခန်းများအတွင်းရှိ ဒုက္ခသည်များမှာ ကူးသန်းသွားလာမှု အကန့်သတ်ခံထားကြရပါသည်။ ခြုံ၍ဆိုရလျှင် ဒုက္ခသည်များအား ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရန် တွန်းအားပေးနေသည်မှာ ဒုက္ခသည်များတွင် အရိုးစွဲနေသော တတိယနိုင်ငံတစ်နိုင်ငံသို့ အမြဲတမ်းပြောင်းရွှေ့အခြေချနေထိုင်လိုသော စိတ်ဆန္ဒထက် စခန်းများတွင်ဖြစ်ပျက်နေသော အထက်ဖော်ပြပါ အကြောင်းအချက်များက ပိုမိုအဓိကကျသော တွန်းအားများဖြစ်ပါသည်။ တဆက်တည်းတွင် ဒုတိယအချက်အနေဖြင့် ရေရာမှုမရှိသော အနာဂတ် အခြေအနေကလည်း ဒုက္ခသည်များ၏ ရွှေ့ပြောင်းပြန်လည်အခြေချ နေထိုင်ရေးနှင့် ဆက်နွယ်နေသည့် ကိစ္စရပ်အားလုံးကိုဘက်ပေါင်းစုံမှ စဉ်းစားစရာဖြစ်နေစေပါသည်။ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရန် လျှောက်လွှာတင်သင့် မတင်သင့်မှအစပြု၍ မည်သည့်အချိန်တွင် လျှောက်လွှာတင်သင့်သည် (ချက်ချင်းလား နှစ်အနည်းငယ်ကြာမှ တင်သင့်သလား)စသည်တို့အပြင် ဘယ်မိသားစုဝင်တွေကို ထည့်လျှောက်သင့်သနည်း၊ မည်သည့်နိုင်ငံသို့ ဦးတည်လျှောက်ထားသင့်သနည်း စသည့်အချက်များမှာ ဒုက္ခသည်များအတွက် အလေးအနက်ထားစဉ်းစားစရာ ဖြစ်နေပါသည်။

## ရွှေ့ပြောင်းအခြေချနေထိုင်မှု၏အကျိုးဆက် (ခြုံငုံလေ့လာသုံးသပ်ချက်များ)

၂၀၀၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်မေလဆန်းပိုင်းအထိ စခန်း (၉)ခုစလုံးမှ တတိယနိုင်ငံများသို့ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရန် ထွက်ခွါသွားကြသော ဒုက္ခသည်ဦးရေမှာ ၅၅၀၀ မကျော်လွန်ခဲ့ပါ။ ထိုပမာဏသည် ဒုက္ခသည်စခန်းများတွင် တရားဝင်မှတ်ပုံတင်ထားသောဒုက္ခသည်ဦးရေ၏ ၄.၂ ရာခိုင်နှုန်းသာရှိသော်လည်း အကျိုးဆက်မှာ သိသာလှပါသည်။ ယခုမှ ရွှေ့ပြောင်းပြန်လည် အခြေချနေထိုင်ကြရန် အစပျိုးဆဲဖြစ်သော စခန်းများတွင်ပင်လျှင် ထင်သာမြင်သာရှိလှပါသည်။ စခန်းအားလုံးနီးနီးမှ ပညာတတ်များသည် ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရေးကို စိတ်ဝင်စားကြပြီး လျှောက်လွှာတင်ခဲ့ကြပါသည်။ ရွေးလည်းအရွေးခံကြရပြီး တတိယနိုင်ငံများသို့ ထွက်ခွါသွားကြသော ပညာတတ်များ၏ ရာခိုင်နှုန်းအချိုးအစားမှာ ကျန်သာမန်ပြည်သူများထက် အဆများစွာ ပိုများနေပါသည်။ စခန်း (၉)ခုစလုံးမှ ရွှေ့ပြောင်းအခြေချနေထိုင်ရန်ထွက်ခွါသွားကြသည့် သာမန်

ပြည်သူများ၏အရေအတွက်မှာ ၂၀.၄ ရာခိုင်နှုန်းသာရှိသော်လည်း ၁၀ တန်းအောင်ပြီးသူများ၏အရေအတွက်မှာ ၁၁.၅ ရာခိုင်နှုန်းရှိနေပါသည်။ တပြိုင်နက်တည်း ရွှေ့ပြောင်းအခြေချနေထိုင်ရန် လျှောက်လွှာတင်ကြ၊ ထွက်ခွါသွားကြသော NGO လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေကြ သည့် NGO လုပ်သားများ၏အရေအတွက်မှာလည်း ကျန်သူများ၏အရေအတွက်နှင့်စာလျှင် အချိုးအစားအားဖြင့် မြင့်မားလှပါသည်။ ထို့အပြင် ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရန် ကြိုးစားနေသူများ၏ ပညာအရည်အချင်းကို ခွဲခြားရန် နှိုင်းယှဉ်ချက်အရ လွယ်ကူသည်ကတစ်ကြောင်း၊ NGO လုပ်သားများ၏အရေအတွက်ကို အတိုင်းအတာတစ်ခုအထိ ခန့်မှန်းတွက်ဆနိုင်သည်က တစ်ကြောင်းတို့ကြောင့် ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရန် ကြိုးပမ်းနေကြသည့် လုပ်ငန်းအတွေ့အကြုံရှိသူများ၊ ပြောဆိုလုပ်ကိုင် ခွင့်ရှိသူများနှင့် ခေါင်းဆောင်မှုအရည်အချင်းရှိသူများ၏ အရေအတွက်မှာလည်း ကျန်သူများထက် မြင့်မားများပြားလှသည်ကို တွေ့ရှိရ ပါသည်။

## ကျွမ်းကျင်လုပ်သားများ လျော့နည်းဆုံးရှုံးမှုအပေါ် လွှမ်းမိုးသက်ရောက်နေသည့် အချက်များ

ဒုက္ခသည်စခန်းများမှ ပညာတတ်များ၊ ကျွမ်းကျင်လုပ်သားများ လျော့နည်းဆုံးရှုံးနေမှုနှင့်ပတ်သက်သည့် အခြေခံအကြောင်းရင်း(၃) ခုရှိပါသည်။ ပထမအချက်မှာ ရွှေ့ပြောင်းအခြေချနေထိုင်လိုသော ပညာတတ်များ၏ အရေအတွက်အချိုးအစားမှာ စခန်းရှိလူဦးရေအားလုံး၏ အချိုးအစားထက် အဆများစွာများပြားနေခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့်ပင်လျှင် စခန်း (၉)ခုစလုံးမှ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်လိုသူများ၏အရေအတွက်ကို လေ့လာဆန်းစစ်ကြည့်ရာတွင် စုစုပေါင်းလူဦးရေ၏ ၃၈ ရာခိုင်နှုန်းကသာ ဆန္ဒရှိကြောင်းဖြေဆိုခဲ့ကြသော်လည်း ၁၀ တန်းအောင်ပြီးသားပညာတတ်များအနက် ၆၁ ရာခိုင်နှုန်းက ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်လိုကြောင်း ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းသည် အထူးအဆန်းမဟုတ်တော့ပါ။ ဒုတိယအချက်မှာ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး( UNHCR )၏ တန်းစီဇယား စည်းကမ်းသတ်မှတ်ချက်ဖြစ်ပါသည်။ ယင်းလုပ်ထုံးလုပ်နည်းအရ ထိုင်းနိုင်ငံသို့ အရင်အဦးရောက်နေသော ဒုက္ခသည်များသည် ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးမှ ကမကထပြု ဆောင်ရွက်ပေးသော ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရေးနိုင်ငံများသို့ ဦးစွာသွားရောက်နေထိုင်ခွင့် ရကြမည်ဖြစ်ပါသည်။ ဒုက္ခသည်စခန်းများတွင်မူ အကြာဆုံးရောက်နှင့်နေသော ပညာတတ်များကသာ ဦးစွာရွှေ့ပြောင်းအခြေချနေထိုင်ခွင့်ရရှိကြမည့်သူများဖြစ်ပါသည်။ တတိယအချက်မှာ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ခွင့်ပြုသောနိုင်ငံအချို့က ၎င်းတို့လက်ခံမည့်ဒုက္ခသည်များကို ရွေးချယ်ရာတွင် နောင်မှုရင်းနိုင်ငံသို့ ပြန်လည်နေထိုင်မည့်အလားအလာကို အလေးထားထည့်တွက်နေကြသောအချက်ပင်ဖြစ်ပါသည်။

## လုပ်သားအင်အားနည်းပါးမှုနှင့်အစားထိုးခန့်အပ်ရန်ခက်ခဲမှု

စခန်းမှထွက်ခွါသွားကြသော ပညာတတ်များနှင့်လုပ်ငန်းကျွမ်းကျင်သူများ၏ နေရာကို စခန်းတွင်းရှိလုပ်သားများနှင့် အစားထိုးခန့်အပ်တာဝန်ပေးရန် ပို၍ပို၍ ခက်ခဲလာနေပါသည်။ ဒုက္ခသည်စခန်းများသည် လုပ်သားအင်အားအလွယ်တကူ ရှာဖွေရရှိနိုင်သော နေရာများမဟုတ်ခြင်းကြောင့် စခန်းတွင်ကျန်ရစ်သူများအတွက် လိုအပ်သောဝန်ဆောင်မှုများပေးရန် ကျွမ်းကျင်လုပ်သားရရှိ နိုင်မှုမှာ အကန့်အသတ်ရှိပါသည်။ အချို့စခန်းများတွင် ၁၀ တန်းအောင်ပြီးသူအားလုံးနီးပါးကို တာဝန်ပေးခန့်အပ်ထားပြီးဖြစ် နေသည်ကို တွေ့ရပါသည်။ ဤစာတမ်းအတွက် ပြုလုပ်ခဲ့သောသုတေသနပြုချက်များအရ လူဦးရေ ၇၀၀၀ ခန့်ရှိသော ဒုက္ခသည် စခန်းတစ်ခုကို လက်ရှိအနေအထားအတိုင်း ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ၁၀ တန်းအောင် ဝန်ထမ်း ၉၁၁ ဦးနီးပါး လိုအပ်ကြောင်း တွေ့ရှိရပါသည်။ အထက်ပါနှုန်းအတိုင်းသာ ၁၀ တန်းအောင်ပြီးသူများ စခန်းမှဆက်လက်ထွက်ခွါနေပါက ၆ လ အတွင်းတွင် စခန်းအားလုံးမှ ၁၀ တန်းအောင်ပြီးသူ ၃၈ ရာခိုင်နှုန်း လျော့နည်းသွားမည်ဖြစ်ပါသည်။ သို့သော် ထိုအချိန်ကာလအတွင်း စခန်းရှိစုစုပေါင်း လူဦးရေ၏ ၁၀ ရာခိုင်နှုန်းသာ လျော့နည်းသွားမည်ဖြစ်ပါသည်။ ထို့အပြင် စခန်းရှိစုစုပေါင်းလူဦးရေ လျော့နည်းလာသည့်နည်းတူ အချို့သောစခန်းအထိုင်ရာထူးများ လိုအပ်တော့မည်မဟုတ်တော့သော်လည်း ထိုလျော့နည်းလာမှုက ကျန်ရှိသည့်လူဦးရေအချိုးနှင့်နှိုင်းစာလျှင် အတိအကျအချိုးချ၍ရနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ကျွမ်းကျင်လုပ်သား

လျော့နည်းရှားပါးလာမှုပြဿနာ ပို၍ပင်ကြီးထွားလာစေနိုင်ပါသည်။ ၁၈ လအတွင်း (၂၀၀၈ ခုနှစ်အကုန်) စခန်းတွင် ကျန်ရစ်မည့် ၁၀ တန်းအောင်ဦးရေ အလွန်ပင်နည်းပါးသွားပါလိမ့်မည်။ အကယ်၍သာ လိုအပ်သော အရေးယူဆောင်ရွက်မှုများကို လိမ္မာကျွမ်းကျင်စွာနှင့်ချက်ခြင်းမဆောင်ရွက်နိုင်လျှင် ဒုက္ခသည်စခန်းများ၏ လုပ်ငန်းတာဝန်ကို အရည်အသွေး ပြည့်မီစွာဖြင့် ထမ်းဆောင်နိုင်သော ပညာတတ်လုပ်သားများ အလုံအလောက်ရနိုင်မည်မဟုတ်တော့ပါ။ ဒုက္ခသည်များနှင့် ဒုက္ခသည်များအရေးတွင်ပါဝင်ပတ်သက်နေသော လူပုဂ္ဂိုလ်အဖွဲ့အစည်းအားလုံးနှင့် လုပ်ငန်းကဏ္ဍအားလုံးမှ တာဝန်ရှိသူများအားလုံးက အရေးကြီးသည်မှာ (အရေအတွက်များလာအောင် အလွယ်တကူ လုပ်ပေးနိုင်သည့်)ပညာအရည်အချင်းသက်သက်မျှမဟုတ် (အလွယ်တကူလုပ်ပေး၍မရသော) နှစ်ရှည်လများစုဆောင်းလေ့လာယူရသော အတွေ့အကြုံသင်ခန်းစာများ။ လုပ်ကိုင်နိုင်ခွင့်နှင့် အဆက်အသွယ်ပေါက်ရောက်မှုတို့အပြင် ရရှိထားပြီးသော အနေအထားအဆင့်အတန်းတို့ကလည်း အရေးကြီးကြောင်း ထောက်ပြကြပါသည်။

ထို့အပြင် အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများက လုပ်သားအင်အားဆုံးပါးမှုကို ထေမိစေရန်အတွက် ရက်တိုသင်တန်းများဖွင့်လှစ်ဆောင်ရွက်နေနှင့်ကြပြီးဖြစ်သော်လည်း ထိုသင်တန်းများက စခန်းအလိုက်ဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ် မှတ်တမ်းများကို မှတ်မိနားလည်ခြင်းနှင့် နှစ်များစွာလေ့လာတည်ဆောက်ယူမှုရရှိလာနိုင်သည့် အမှီအခိုကင်းကင်းနှင့် ပါးနပ်ပြီး ထိုးထွင်းသိမြင်နိုင်မှုတို့ကို အလွယ်တကူ အစားထိုးရန် မဖြစ်နိုင်ပါ။ လူမှုရေးအသင်းအဖွဲ့များသည် ပညာတတ်ပြီး အတွေ့အကြုံရင့်ကျက်သောလုပ်သားများကို အစားထိုးရန်အတွက် အခက်ကြုံနေခဲ့ကြရပြီးဖြစ်ပါသည်။ အဖွဲ့အစည်းအများစုက ထွက်ခွါသွားသော ဝန်ထမ်းများကို ဆက်လက်အစားထိုးနိုင်ရန်အတွက် ပိုမိုခက်ခဲသောစိန်ခေါ်မှုများနှင့်ရင်ဆိုင်နေကြရပါသည်။ ထို့အတွက်ကြောင့်ပင် NGO များ က ဒုတိယတန်းခေါင်းဆောင်များ သို့မဟုတ် လေ့ကျင့်သင်တန်းပေးထားသော လုပ်သားများကို ချက်ခြင်း သို့မဟုတ်နောင်တွင် ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ခွင့်ပေးခြင်းသည် ပြန်လည်အစားထိုးရမှုဆီသို့ ဦးတည်စေကြောင်း သက်သေထူနေကြပြီဖြစ်ပါသည်။

**ရွှေ့ပြောင်းအခြေချနေထိုင်မှုအခြေအနေကိုအကြောင်းပြု၍ စခန်းများတွင်ဖြစ်ပေါ်နေသော ခံစားမှု**

ဒုက္ခသည်စခန်းများတွင် ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုနှင့်ပတ်သက်ပြီး ဖြစ်ပေါ်နေသော ခံစားမှုသဘောထားမှာ အရောရောအနှောနှော ဖြစ်နေပါ သည်။ ကာလကြာရှည် အဆုံးအဖြတ်စောင့်နေကြရသူ ဒုက္ခသည်များက ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုကို ဘဝသစ် တည်ဆောက်ရန်အခွင့်အရေးရနိုင်သည့် ပိုမိုကောင်းမွန်သော အနာဂတ်အဖြစ်မြင်ကြပါသည်။ အထူးသဖြင့် အရှည်တည်တံ့နိုင်မည့် အခြားဖြေရှင်းမှုတစ်ခုခု မရနိုင်သေးမီကာလအတွက် ကောင်းမွန်သော အလားအလာဟု ယူဆကြသည်။ သို့သော် ရွှေ့ ပြောင်းပြန်လည်အခြေချနေထိုင်ရေးသည် မိမိတို့၏ မူရင်းရပ်ရွာများသို့ ပြန်လာရေးဆိုသည့် အိပ်မက်ကိုစွန့်လွှတ်ခဲ့ရမည်ဖြစ်သဖြင့် အသစ်ကြုံတွေ့ရမည့် အစိမ်းသက်သက်ဝန်းကျင်အတွက် စိုးရိမ်သည့်ခံစားမှုများလည်း ဖြစ်ပေါ်နေကြပါသည်။ စခန်းများမှ ဒုက္ခသည်များကို တွေ့ဆုံမေးမြန်းခဲ့ရာတွင် မတူကွဲပြားသော ခံစားမှုအမျိုးမျိုးဖြစ်နေကြသည်ကို တွေ့ရှိရပါသည်။ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ခွင့်ရသူများက  အနာဂတ်အလားအလာနှင့် မျှော်လင့်ချက်ရောင်ခြည်သန်းလာပြီဟု ခံစားမိကြသည်။ အငြင်းပယ်ခံရသူများက စိတ်ဓာတ်ကျနေကြပြီး ဒေါသလည်းထွက်နေကြပါသည်။ အပြီးသတ်အဆုံးအဖြတ်ကို စောင့်နေရသူများကမူ သို့လောသို့လောနှင့် စိတ်ပူပန်နေကြပြီး ယခုအထိဘာလုပ်မည်ဆိုသည်ကို မဆုံးဖြတ်ရသေးသူများကမူ စိတ်ရှုပ်စရာအခြေအနေနှင့် ကြုံတွေ့ နေကြရပါတော့သည်။

**ပညာရေး**

ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုက စခန်းများ၏ပညာရေးကို ပြင်းထန်ဆိုးရွားစွာ ထိခိုက်စေခဲ့ပါသည်။ အရည်အချင်းပြည့်မီသော ဆရာများရရှိရေးမှာ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုမတိုင်ခင်ကာလများကတည်းက အခက်အခဲရှိနေခဲ့ပြီးသား

ဖြစ်ပါသည်။ ယခုလည်း ထိုအတိုင်းဆက်ဖြစ်နေမည့်ပုံပေါ်နေပါသည်။ သို့သော် ပို၍စိုးရိမ်စရာကောင်းသည်မှာ ပညာရေးဆိုင်ရာကြီးကြပ်အကြံပေးသူများ၊ ကျောင်းအုပ်ဆရာများ၊ ဘာသာရပ်ညှိနှိုင်းရေးမှူးများ၊ ဆရာဖြစ်သင်တန်းဆရာများနှင့် အခြားနှစ်ကာလတာရှည် တာဝန်ထမ်းဆောင်ခဲ့ကြသော ပညာရေးဝန်ထမ်းများ ဆုံးရှုံးနေမှုပင်ဖြစ်ပါသည်။ ထိုဆရာ ဆရာမများကို သင်ရိုးညွှန်းတမ်းရေးဆွဲရေး၊ စာသင်ခန်းတွင်းစီမံခန့်ခွဲမှုနှင့် စာသင်ကျောင်း ကြီးကြပ်အုပ်ချုပ်ရေးဆိုင်ရာအတတ်ပညာတို့ကဲ့သို့သော ပညာရေးဆိုင်ရာအတတ်ပညာများကို နှစ်ရှည်လများ သင်ကြားလေ့ကျင့်ပေးခဲ့ရခြင်းဖြစ်ပါသည်။ ပညာရေးဆိုင်ရာကိစ္စရပ်များတွင် ဦးစီးဦးဆောင်ပြုနိုင်သူများကို ဆုံးရှုံးရခြင်းသည် ကာလတာရှည်ဆရာလုပ်မည့်သူမရှိဖြစ်နေသည့် ပြဿနာကို ပိုမိုဆိုးရွားလာစေပါသည်။ ထို့အတူ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရေးသည် သင်ကြားမှုသင်ယူမှု အရည်အသွေးကို လည်းကောင်း၊ စောင့်ကြည့်အကဲခတ်သုံးသပ်သည့် လုပ်ငန်းများကိုလည်းကောင်း၊ လေ့ကျင့်သင်ကြားရေး လုပ်ငန်းများကို လည်းကောင်း ဆိုးကျိုးသက်ရောက်ထိခိုက်နစ်နာစေပါသည်။

ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုနှင့်ဆက်နွယ်ပြီး ပညာရေးကဏ္ဍကိုထိခိုက်စေသည့် အခြားအကြောင်းအချက် နှစ်ချက်လည်း ရှိပါသေးသည်။ ပထမအချက်မှာ ဆရာများသည် အခြားအစိုးရမဟုတ်သောလူမှုရေးအသင်းအဖွဲ့များမှ ဝန်ထမ်းများထက် လုပ်ခလစာ နည်းကြပါသည်။ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရေးအစီအစဉ်ကြောင့် NGO လုပ်ငန်းများတွင် ပေါ်လာသော လစ်လပ်နေရာများသည် လစာပိုများခြင်းကြောင့် ပညာရေးလောကမှ ဆရာဆရာမများ ပြောင်းရွှေ့ဝင်ရောက်လုပ်ကိုင်လာကြခြင်းကြောင့် ပညာရေးကဏ္ဍတွင်ရင်ဆိုင်နေရနှင့်ပြီးဖြစ်သော ဆရာနှင့်ဝန်ထမ်းများဆုံးရှုံးနေရမှုကို ပိုမိုဆိုးရွားစေပါသည်။ ဒုတိယအချက်မှာ NGO များနှင့် လူထုအခြေပြုလူမှုရေးအသင်းများ (CBO)၏ အရည်အသွေးမြှင့်တင် တည်ဆောက်ရေး ချဉ်းကပ်မှုပုံစံသည် ကိုယ့်အားကိုယ်ကိုးအခြေခံမှုပေါ်တွင် အခြေပြုပုံစံထုတ်ရေးဆွဲထားခြင်း ပင်ဖြစ်ပါသည်။ အထူးသဖြင့် ဒုက္ခသည်များကို ၎င်းတို့ဘာသာ သင်တန်းများပေးနိုင်စေရန်၊ စောင့်ကြည့်အကဲခတ်မှုများပြုလုပ်နိုင်ရန်နှင့်အစီရင်ခံစာများရေးသားပေးပို့တတ်စေရန်အတွက် ရည်ရွယ်အားဖြည့် လေ့ကျင့်ပေးနေခြင်းပင်ဖြစ်ပါသည်။ ထိုချဉ်းကပ်မှုကိုယ်၌သည်ပင်လျှင် ဒုက္ခသည်များ၏ပညာရေးစနစ်ကို ဆုတ်ယုတ်ပျက်ပြားမှုဆီသို့ ဦးတည်သွားရန်အတွက် အားနည်းချိနဲ့စေသော အကြောင်းရင်းဖြစ်နေသည်ကို တွေ့ရှိရပါသည်။

ပညာရေးဝန်ထမ်းများ၏အရည်အသွေး ကျဆင်းလာမှုနှင့် ဆရာဆရာမများ ရရှိရန် ပိုမိုခက်ခဲလာမှုတို့သည် ပညာရေးကဏ္ဍအပေါ် ကြီးစွာထိခိုက်စေမည်ဖြစ်ပါသည်။ ထို့အပြင် အချိန်ကြာလာသည်နှင့်အမျှ ဒုက္ခသည်စခန်းတွင် ပညာရေးနိမ့်ကျလာမှုသည် စခန်းတွင်နေထိုင်ကြရသော ဒုက္ခသည်ထုကြီးအပေါ် အပြန်ပြန်အထပ်ထပ် ထိခိုက်စေမည်ဖြစ်ပါသည်။ အဆင့်မြင့်စခန်းအထိုင်ရာထူးတာဝန်များကို ထမ်းဆောင်နိုင်သော စခန်းတွင်းမှပညာတတ်များလျော့နည်းလာသည်နှင့်အမျှ ဒုက္ခသည်စခန်းများတွင် ဆောင်ရွက်ပေးနေသော ဝန်ဆောင်မှုများကို ထိခိုက်စေမည်ဖြစ်ပါသည်။

စခန်းများတွင် အင်္ဂလိပ်စာဆရာဖြစ်သင်တန်းဆရာများနှင့် အင်္ဂလိပ်စာဆရာများ ဆက်လက်ဆုံးရှုံးနေမည့်ပုံ ပေါ်နေပါသည်။ ထိုအချက်က စခန်းများတွင် အင်္ဂလိပ်စာသင်ကြားပေးသည့်သင်တန်းများ လျော့နည်းလာစေမည်ဖြစ်သည့်အတွက် စခန်းများတွင် အင်္ဂလိပ်စကားပြောသူအရေအတွက် လျော့ကျလာမည်ဖြစ်ပါသည်။ အကျိုးဆက်အားဖြင့် NGO များအနေဖြင့် စခန်းပြင်ပမှ စကားပြန်များ ငှားရမ်းသုံးစွဲလာရမည်ဖြစ်သဖြင့် အုပ်ချုပ်မှုစရိတ်နှင့် ကုန်ကျစရိတ်များတိုးလာစေမည်ဖြစ်ပါသည်။

အရည်အသွေးပြည့်မီသော ပညာရေးဆိုင်ရာကြီးကြပ်အကြံပေးသူများနှင့် ကျောင်းအုပ်ဆရာများ ရရှိနိုင်မှုလျော့နည်းလာခြင်းသည် ကျောင်းဆရာများကို စောင့်ကြည့်ကြပ်မတ်နိုင်မှုအရည်အသွေးကိုပါ လျော့ကျလာစေတော့မည်ဖြစ်ပါသည်။ စာသင်ကျောင်းများကြီးကြပ်ထိန်းသိမ်းရေးနှင့် ကျောင်းတွင်းစည်းကမ်းထိန်းသိမ်းရေးကိုလည်း လျော့လျည်းလာစေမည်ဖြစ်ပါသည်။

ပညာသင်နှစ် အလယ်လောက်တွင် ကျောင်းများကို ပိတ်ပစ်ရခြင်း၊ ပြန်ဖွင့်နိုင်ရန်ပြန်လည်စုစည်းဆောင်ရွက်ရခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။ ထို့အပြင် စီမံချက်အဆိုပြုစာတမ်းများနှင့် အစီရင်ခံစာရေးသားနိုင်သော ဝန်ထမ်းနည်းပါးလာမှုကြောင့် ပြင်ပမှရရှိနိုင်သော ရန်ပုံငွေများ၊ အလှူငွေများ ဆက်လက်ရရှိနိုင်ရန်အတွက် ပိုမိုခက်ခဲလာတော့မည်ဖြစ်ပါသည်။

**ကျန်းမာရေး**

ပညာရေးကဏ္ဍတွင် ရင်ဆိုင်တွေ့ကြုံနေရသည့်အတိုင်း ကျန်းမာရေးကဏ္ဍအပေါ်သက်ရောက်နေသည့် ရွှေ့ပြောင်းပြန်လည် အခြေချနေထိုင်မှု၏ အကျိုးဆက်မှာ အရေအတွက်အရရော အရည်အချင်းအရပါ ပြင်းထန်ဆိုးရွားနေနှင့်ပြီးဖြစ်ပါသည်။ စခန်းအခြေစိုက် ကျန်းမာရေးလုပ်သားများ၏ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုအချိုးအစားမှာ မတန်တဆများပြားလွန်းလှပါသည်။ ၂၀၀၇ ခုနှစ်အတွင်း အချို့စီမံကိန်းများသည် ၎င်းတို့ဝန်ထမ်းအင်အား၏ ၅၀ ရာခိုင်နှုန်းကျော်ကို ဆုံးရှုံးခဲ့ကြရပါသည်။ အရည်အသွေးပိုင်းတွင် ကျန်းမာရေးကဏ္ဍတစ်ခုလုံးသည် ၎င်းတို့၏အတွေ့အကြုံအရင့်ကျက်ဆုံးသော ဆေးဘက်ဆိုင်ရာ စီမံခန့်ခွဲသူများနှင့် အထူးလေ့ကျင့်ထားသောဆေးပညာသည်များကို ဆုံးရှုံးနေကြရပါသည်။ ထိုလစ်လပ်သွားသော နေရာများသည် ကာလတိုအတွင်း အစားထိုးခန့်အပ်ရန် အလွန်ခက်ခဲသော နေရာများဖြစ်ပါသည်။ ထို့အပြင် လေ့ကျင့် သင်ကြားပေးရန်အချိန်ယူရပြီး အဆင့်မြင့်ကျွမ်းကျင်မှုလည်းလိုအပ်သော ဆေးပညာအဝန်းအဝိုင်းတွင် ရွှေ့ပြောင်းပြန်လည် အခြေချနေထိုင်မှု၏ အကျိုးဆက်နှင့်ချိန်ကိုက်ဖြစ်စေမည့် အစားထိုးမှုများ ဆောင်ရွက်ရန် ကြီးစွာအခက်တွေ့နေပါသည်။ ပိုမြင့်သောရာထူးအဆင့်များအတွက်မူ အစားထိုးရန် ပို၍ပင်ခက်ခဲနေပါတော့သည်။

ကျန်းမာရေးကဏ္ဍတွင် ကျွမ်းကျင်သော စကားပြန်များ၏အခန်းသည်လည်း အထူးအရေးပါလှပါသည်။ ခေတ်မီ ဆေးပညာဝေါဟာရများကို ကျွမ်းကျင်စွာနားလည်သဘောပေါက်နိုင်ရန်အတွက် အချိန်များစွာယူ၍လေ့ကျင့်သင်ကြားပေးရပါသည်။ ထိုကဲ့သို့သော ပညာသည်များကို အလျှင်အမြန်နှင့် အလွယ်တကူ အစားထိုးရန်မဖြစ်နိုင်ပါ။ ကျန်းမာရေးနယ်ပယ်မှ စကားပြန်များသည် ပညာရပ်ဆိုင်ဝေါဟာရများကို အထူးပြုလေ့လာထားရန် လိုအပ်ပါသည်။ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုများ မစတင်မီကတည်းက ထိုကဲ့သို့သောသင့်တော်သည့် ဝန်ထမ်းရရှိရေးအတွက် အခက်အခဲရှိခဲ့ကြပါသည်။ အင်္ဂလိပ်စကားရေလည်စွာပြောတတ်သော စခန်းအခြေစိုက်ဝန်ထမ်းလိုအပ်မှုနှင့်ပတ်သက်သော လေ့လာချက်တစ်ခုတွင် စခန်းတွင်းရှိဘာသာရပ်အလိုက် အင်္ဂလိပ်စကား ကျွမ်းကျင်သူ ၂၅၀ ခန့် ရှိသည့်အနက် အားလုံးနီးနီးဖြစ်သော ၁၈၄ ဦး (၇၅ ရာခိုင်နှုန်း)ကို ကျန်းမာရေးကဏ္ဍကလိုအပ်သည် ဟု ဖော်ပြထားပါသည်။

ရွှေ့ပြောင်းအခြေချနေထိုင်မှုကြောင့် အမှန်တကယ်ဖြစ်ပေါ်လာနိုင်သည့်၊ ဖြစ်ပေါ်လာမည်ဟုမျှော်လင့်ရသော အကျိုးဆက်များတွင် ရောဂါအမည်မှားယွင်းဆုံးဖြတ်ခြင်း၊ ကျန်းမာရေး ပြုစုစောင့်ရှောက်မှုအပေါ် လူနာများ အယုံအကြည်ကင်းမဲ့လာခြင်းတို့ကဲ့သို့သော ကျန်းမာရေးပြုစုစောင့်ရှောက်မှု အရည်အသွေးကျဆင်းလာခြင်းမျိုး ဖြစ်ပေါ်လာနိုင်ပါသည်။ ထိုသို့ဖြစ်လာလျှင် လူနာများ အချိန်လွန်၍ ရောဂါအခြေအနေဆိုးရွားလာမှ ဆေးခန်းသို့လာရောက်ပြသခြင်း၊ ဆေးရုံသို့ပို့ရသော လူနာပိုများလာခြင်း၊ အာဟာရချို့တဲ့မှု ပြင်းထန်ဆိုးရွားလာခြင်း၊ ကူးစက်ရောဂါများ ဖြစ်ပွားကူးစက်ပြန့်နှံ့ခြင်းနှင့် ကြိုတင်ကာကွယ်ကုသရေးစီမံချက်များတွင် ပြဿနာများဖြစ်ပေါ်လာနိုင်ခြင်းတို့ကဲ့သို့သော မလိုလားအပ်သော ဖြစ်ရပ်များဆီသို့ ဦးတည်သွားစေနိုင်ပါသည်။ (ရောဂါခံနိုင်ရည်ရှိစေခြင်း၊ ဖြည့်စွက်အာဟာရတိုက်ကျွေးခြင်းနှင့် ကြီးထွားမှုနှုန်း စောင့်ကြည့်အကဲ ခတ်ခြင်းတို့ကဲ့သို့သော ကျန်းမာရေးစီမံချက်များအပါအဝင်) အထက်ပါအချက်များအပြင် အတွေ့အကြုံနုနယ်သော အရေအတွက်မလုံမလောက် ဆေးဝန်ထမ်းတို့က အရည်အသွေးမြှင့်တင်ရေးသင်တန်းများနှင့် စီမံချက်များ၏ စွမ်းဆောင်နိုင်မှုအတိုင်းအတာကို ဗူးလေးရာဖရုံ ဆင့်သည်သို့ ထပ်ဆင့်ဝန်ပိစေမည်ဖြစ်ပါသည်။

**စခန်းအုပ်ချုပ်စီမံမှု**

ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် ဆောင်ရွက်နေကြသည့်အတိုင်း စခန်းစီမံအုပ်ချုပ်မှုကို စခန်းတွင်နေထိုင်သူများ၏ အရည်အချင်းဖြစ်ပေါ် တိုးတက်မှုပေါ်တွင် အခြေခံ၍ ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ စခန်းကော်မတီများနှင့် လူထုအခြေပြု လူမှုရေးအသင်းအဖွဲ့များသည် ရွှေ့ပြောင်းအခြေချနေထိုင်မှုကြောင့်ဖြစ်ပေါ်လာသော အကျိုးဆက်များကို နားလည်ရန်နှင့် အထိအခိုက်နည်းနိုင်သမျှနည်းအောင် ကြိုးပမ်းဆောင်ရွက်ရင်း အချိန်ကုန်နေကြရပါသည်။ ၎င်းတို့သည် စခန်းနှင့်ပတ်သက်သည့် စီမံချက်များ၊ စခန်းရှိလူများအပေါ်သက်ရောက်နေသော ရွှေ့ပြောင်းအခြေချနေထိုင်မှုကြောင့်ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုနှင့် အချိန်ကိုက်ဆောင်ရွက်ရန်လိုအပ်မှုများကို ပိုမိုကျယ်ပြန့်စွာ ထုတ်ဖော်ပြောဆိုနေကြပါသည်။

စခန်းကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးအကြံဉာဏ်ရယူခဲ့မှုများတွင် စခန်းအုပ်ချုပ်ရေးကော်မတီဝင်များက ရွှေ့ပြောင်းအခြေချနေထိုင်မှု၏ အကျိုးဆက်ကို စခန်းဖွဲ့စည်းအုပ်ချုပ်စနစ်ပုံအရ ယခုအချိန်အထိ ဆက်ထိန်းထားနိုင်သေးသည်ဟု ဆိုကြပါသည်။ စခန်းအုပ်ချုပ်မှုကော်မတီများကို နှိုင်းယှဉ်ချက်အရအဆင်ပြေချောမွေ့စွာဖြင့် တဆက်ပြီးတဆက်လွှဲပြောင်း တာဝန်ပေးနိုင်ခဲ့ကြပါသည်။ သို့သော် အရေးကြီးသောလုပ်ငန်းတာဝန်နေရာလစ်လပ်မှုကြောင့် ကျန်သောကော်မတီဝင်များ အပေါ် ပို၍ဝန်ပိလာစေသည်ဟု ဆိုကြပါသည်။ ခြုံ၍ဆိုရလျှင် စခန်းအုပ်ချုပ်မှုကော်မတီဝင်များတွင် ရွှေ့ပြောင်းပြန်လည်အခြေချ နေထိုင်ရေးအတွက် စခန်းကိုစွန့်ခွါသွားသူ သို့မဟုတ် ရွှေ့ပြောင်းအခြေချနေထိုင်ရေးအတွက် လျှောက်လွှာတင်သူ အနည်း အကျဉ်းသာရှိသည်ကို တွေ့ရသည်။ သို့သော်အချို့စခန်းများတွင်မူ စွန့်ခွါထွက်သွားသူ သို့မဟုတ် လျှောက်လွှာတင်သူဦးရေ ပိုများပါသည်။

လူထုအခြေပြုလူမှုရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် သက်ရောက်လာနိုင်သည့် အကျိုးဆက်များအနက် ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုကြောင့် လုပ်ငန်းကျွမ်းကျင်ပြီးပညာတတ်၍ အတွေ့အကြုံရှိသော လုပ်သားများနည်းပါးလာသည် နှင့်အမျှ NGO များကလည်း အသင့်တော်ဆုံးလုပ်သားများကို ရှာဖွေရွေးချယ်ခန့်အပ်လာကြမည်ဖြစ်ပါသည်။ ထိုအခြေအနေအောက်တွင် NGO များသည် စခန်းအထိုင်လူထုအခြေပြုလူမှုရေးအသင်းအဖွဲ့များတွင် လုပ်ကိုင်နေကြသော အရည်အချင်းရှိသူများကို ရွေးချယ်ခန့်အပ်တာဝန်ပေးလာကြတော့မည်ဖြစ်ပါသည်။ ဝန်ထမ်းအင်အားနည်းလာသည်နှင့်အမျှ NGO များတွင် အချိန်ပြည့်လုပ်ကိုင်ကြရသောဝန်ထမ်းများသည် များသောအားဖြင့် လစာထောက်ပံ့ကြေးပေးနိုင်လေ့မရှိသော လူထုအခြေပြုလူမှုရေးအသင်းအဖွဲ့များတွင် အချိန်ပေးလုပ်ကိုင်နိုင်ကြတော့မည် မဟုတ်ပါ။

ရွှေ့ပြောင်းအခြေချနေထိုင်မှုသည် စခန်းများရှိလူ့အဖွဲ့အစည်းများ၏ ဘဏ္ဍာငွေရပေါက်ရလမ်းနှင့် အသက်သွေးကြောအရင်းအမြစ်များကိုလည်း လျော့နည်းစေနိုင်သည့်အလားအလာရှိပါသည်။ ပထမအချက်မှာ လူမှုရေးအသင်းအဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမှုများတွင် ခေါင်းဆောင်များက အစောပိုင်းကာလများတွင် စခန်းမှပညာတတ်များက စခန်းတွင်းရှိ အသေးစားစိုက်ပျိုးရေးလုပ်ငန်းစီမံချက်များအတွက် လိုအပ်သော မျိုးစေ့အစရှိသည်များကိုဝယ်ယူနိုင်ရန်အတွက် အလှူရှင်အဖွဲ့အစည်းများသို့ တင်ပြအကူအညီတောင်ခံနိုင်ရန်အတွက် စီမံချက်အဆိုပြုလွှာများ ရေးသားပေးကြသဖြင့် အဆင်ပြေနေခဲ့ကြောင်း၊ ထိုပညာတတ်များ စခန်းကိုစွန့်ခွါသွားသည့်နောက်ပိုင်းတွင် စခန်းများအတွက် အသက်သွေးကြောတမျှအရေးကြီးသောအလားတူလုပ်ငန်းများအတွက် အထောက်အပံ့ရန်ပုံငွေမရရှိတော့သဖြင့် စခန်း၏အရင်းအမြစ်များကို ထိခိုက်စေကြောင်း

ပြောဆိုကြပါသည်။ ဒုတိယအချက်မှာ အချို့စခန်းများတွင် စခန်းအုပ်ချုပ်မှုကော်မတီဝင်များက ၎င်းတို့၏အချိန်နှင့် စွမ်းအားများကို ရွှေ့ပြောင်းအခြေချနေထိုင်မှုအစီအစဉ်ကို အထောက်အကူပြုရန်အတွက် အသုံးချလိုကြောင်းပြောကြပါသည်။

**ရွှေ့ပြောင်းအခြေချနေထိုင်မှုကြောင့် ထိခိုက်ခံရသော အခြားလူအုပ်စုများ**

ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုသည် ဒုက္ခသည်စခန်းများ၏ ကျန်းမာရေး၊ ပညာရေး၊ စခန်းစီမံအုပ်ချုပ်ရေးများအပေါ် အကျိုးသက်ရောက်ထိခိုက်စေသည့်နည်းတူ စခန်းရှိ အခြားသောသီးခြားလူအုပ်စုများကိုလည်း ထိခိုက်စေပါသည်။ အထူးသဖြင့် အလွန်အမင်းအကာအကွယ်မဲ့ပြီးထိခိုက်လွယ်သူ(EVI)များနှင့် မိသားစုနှင့်တကွဲတပြားစီဖြစ်နေသော ကလေးသူငယ်များကိုလည်း ထိခိုက်ကောင်းထိခိုက်စေနိုင်ပါသည်။ တဖက်တွင် (EVI)များသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၊ NGO များနှင့် CBO များ၏ အကူအညီမပါဘဲနှင့် ရွှေ့ပြောင်းအခြေချနေထိုင်ရေးဖြစ်စဉ်တွင် ပါဝင်ခွင့်ရရန် ဖြစ်နိုင်ခြေနည်းပါးလှပါသည်။ လုပ်ငန်းကျွမ်းကျင်သူများနှင့်ပညာတတ်များကသာ အရင်ဦးဆုံး လျှောက်ထားခွင့် ရရှိကြသဖြင့် (EVI)များသည် ရွှေ့ပြောင်းအခြေချနေထိုင်မှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို လက်လှမ်းမီရန် အခွင့်အလန်း အလွန်နည်းပါးလှပါသည်။ ထို့အပြင် ရွှေ့ပြောင်းအခြေချနေထိုင်ခွင့်ရရှိရေးအတွက် လျှောက်လွှာရေးဖြည့်ရန်အတွက်ပင် ၎င်းတို့အတွက် ဝန်ထုပ်ဝန်ပိုးကြီးသဖွယ်ဖြစ်နေပါတော့သည်။ EVI များနှင့်ဆက်နွယ်သောကိစ္စရပ်များသည် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာအရေးအရာများအရ ဦးစားပေးဆောင်ရွက်ရန်လို၍ ယင်းသို့သော အစောင့်ရှောက်ခံလူပုဂ္ဂိုလ်များသို့မဟုတ် မိသားစုများအတွက် ချက်ခြင်းဆောင်ရွက်ပေးရန်လိုအပ်နေသည်။ မိသားစုနှင့်တကွဲတပြားစီဖြစ်နေသော ကလေးသူငယ်များသည် ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရေးဖြစ်စဉ်အတွင်းတွင် အကာအကွယ်မဲ့ပြီးထိခိုက်လွယ်သူများဖြစ်သွားနိုင်သည့် အန္တရာယ်ရှိနေကြပါသည်။ အကြောင်းမှာ ၎င်းတို့အား မိဘအုပ်ထိန်းသူတို့၏ သဘောတူခွင့်ပြုချက်မပါဘဲ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ခွင့်ပေးရန် ခဲယဉ်းလှသောကြောင့်ဖြစ်ပါသည်။

**ကောင်းကျိုးများ**

ဖြစ်စဉ်၏စောစောပိုင်းအဆင့်များတွင် စခန်းတွင်ကျန်နေရစ်ကြသူများအတွက် ကောင်းကျိုးအချို့လည်း ရှိပါသည်။ ချွင်းချက်နှစ်ရပ်ရှိပါသည်။ ပထမအချက်မှာ စခန်းတွင် ကျန်ရစ်ခဲ့သူများနှင့် CBO များထံသို့ သက်ဆိုင်ရာနိုင်ငံရောက်နေသူများထံမှ ပေးပို့သောငွေများ စတင်ဝင်ရောက်လာ ခြင်းပင်ဖြစ်ပါသည်။ ဒုတိယအချက်မှာ ကာလကြာရှည်တာဝန်ထမ်းဆောင်ခဲ့သောပုဂ္ဂိုလ်များ အရေးကြီးသော ရာထူးများမှ စွန့်ခွာသွားကြသည့်အခါ ခေါင်းဆောင်သစ်များ ထပ်မံပေါ်ပေါက်လာရန်အတွက် အခွင့်အရေးဖန်တီးပေးသလို ဖြစ်လာနိုင်ခြင်းဖြစ်ပါသည်။ အချို့စခန်းများတွင် ထိုအတိုင်း ဖြစ်ခဲ့ပါသည်။

**ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရေးစရိတ်**

အကယ်၍သာ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရေးက ဒုက္ခသည်စခန်းများရှိလူဦးရေကို လျှော့ကျစေသည်ဆိုလျှင် ဒုက္ခသည်စခန်းများအတွက် သုံးစွဲရသော ကုန်ကျငွေလည်း လျှော့ကျလာရမည်ဟု ယူဆရမည်ဖြစ်ပါသည်။ ရေရှည်တွင် အကယ်၍သာ စခန်းရှိလူဦးရေ အမှန်တကယ်လျှော့ကျသွားမည်ဆိုလျှင် ဒုက္ခသည်များအတွက် စားနပ်ရိက္ခာခွဲတမ်း၊ စခန်းရှိလုပ်သားများသို့ ပေးရသော အထောက်အပံ့နှင့် အိမ်သုံးပစ္စည်းများအတွက် ကုန်ကျစရိတ်များ လျှော့ကျလာသည်နှင့်အမျှ အထွေထွေကုန်ကျစရိတ်များလည်း လျှော့ကျလာနိုင်ပါသည်။ သို့သော် လောလောဆယ်အချိန်နှင့် ကာလတိုအတွင်းတွင်မူ NGO များနှင့် CBO များက ဒုက္ခသည်များအား စံချိန်မီဝန်ဆောင်မှုပေးရန်ကြိုးစားနေကြစဉ်အတောအတွင်း နယ်ခြားဒေသရှိ ဒုက္ခသည်စခန်း ၉ ခုစလုံးကို ဆက်လက်ထိန်းထားနိုင်ရန်အတွက် ငွေကုန်ကြေးကျများနိုင်ပါသည်။

**နိဒါန်း**

မြန်မာနိုင်ငံတွင် အာဏာရှင်ဆန်ဆန်အုပ်ချုပ်နေသော စစ်အစိုးရက လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အဓမ္မလုပ်အား ခိုင်းစေမှုများ၊ အတင်းအကျပ် ဖမ်းဆီးထိန်းသိမ်းမှုများ ၊ နှိပ်စက်ညှဉ်းပမ်းမှုများ၊ တရားဥပဒေမဲ့ သတ်ဖြတ်နေမှုများ ကျူးလွန်နေမှုတို့ကြောင့် လွန်ခဲ့သော နှစ်ပေါင်း (၂၀) ကြာ ကာလအတွင်း မြန်မာနိုင်ငံမှ ဒုက္ခသည်များသည် ထိုင်းနိုင်ငံတွင်းသို့ ထွက်ပြေးခိုလှုံလာနေခဲ့ကြပါသည်။ ထိုင်းနိုင်ငံအတွင်း ဤသို့ခိုလှုံနေကြသော ဒုက္ခသည် အရေအတွက် သိန်းကျော်ရှိနေသည့်အနက် လူဦးရေ တသိန်းခွဲခန့်မှာ ဒုက္ခသည်စခန်းများအတွင်း၌ နေထိုင်နေကြပါသည်။ ထိုဒုက္ခသည်စခန်းများသည် ကာလကြာရှည် အိုးအိမ်အတည်တကျ မထူထောင်နိုင်ဘဲ ထွက်ပြေးတိမ်းရှောင်နေကြရသူများအတွက် တာရှည်ခံခိုလှုံ အခြေချနေထိုင်ရာနေရာများ ဖြစ်လာပြီး များမကြာသေးမီ ကာလများအတွင်း ထိုကဲ့သို့သော ခိုလှုံရာနေရာများ ရှားပါးလာပါသည်။ သို့သော်လည်း (၂၀၀၅) ခုနှစ်မှ စတင်၍ မြန်မာဒုက္ခသည်အချို့မှာ တတိယနိုင်ငံများသို့ သွားရောက်အခြေချနေထိုင်ရန် ကြိုးပမ်းမှုများ ရှိလာပါသည်။

ဤသို့ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရေးအစီအစဉ် အရှိန်ရလာသည်နှင့်အမျှ စခန်းနေလူအများက တတိယနိုင်ငံများတွင် ဘဝသစ်စတင်ရန်အတွက် ထွက်ခွါနိုင်ရန် ပြင်ဆင်မှုများ ဆောင်ရွက်လာခဲ့ပါသည်။ သို့အတွက်ကြောင့် စခန်းတွင်း စီမံခန့်ခွဲရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အကျိုးသက်ရောက်ပုံကို ပိုမိုရှင်းလင်းစွာ သိရှိနိုင်ရန် လိုအပ်လာပါသည်။ လူအများစု အတွက် ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရေး အစီအစဉ်များသည် မျှော်လင့်ချက်အသစ်များ၊ အခွင့်အလန်းများကို ရရှိလာစေနိုင်သည့်အပြင် ကာလတာရှည်စခန်းအတွင်း အခြေချနေထိုင် ရသောဘဝမှ ထာဝရလွတ်မြောက်စေနိုင်သော ထွက်ပေါက်အဖြေအဖြစ်လည်း မြင်လာကြပါသည်။ သို့သော်လည်း အရည်အချင်းရှိသော၊ ပညာတတ်သော၊ အတွေ့အကြုံကျွမ်းကျင်မှုရှိသောသူများနှင့် စခန်းရှိ လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေကြသူ ရပ်ရွာခေါင်းဆောင်များ ထွက်ခွါသွားမှုကြောင့် ကျန်ရှိနေသေးသူ ဒုက္ခသည်များအတွက် စခန်းတွင်း ဆောင်ရွက်ပေးနေသော ဝန် ဆောင်မှုလုပ်ငန်းများအပေါ် ဆိုးကျိုးသက်ရောက်မှုအနည်းဆုံး ဖြစ်စေရန်အတွက် အကောင်းဆုံးဖြစ်အောင် မည်ကဲ့သိုဆောင်ရွက်ကြမည်နည်းဆိုသည့် ကိစ္စနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်လာပါသည်။

**ဆောင်ရွက်ပုံနည်းနာ**

ဤလေ့လာမှု၏ ရည်ရွယ်ချက်မှာ (**CCSDPT**) ၏ ရည်ညွှန်းချက်များတွင် ဖော်ပြထားသည့်အတိုင်း ထိုင်း–မြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်ကြသူများ ပြောင်းရွှေ့အခြေချထွက်ခွါသွားခြင်းကြောင့် စခန်းတွင်း စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုအပေါ် အကျိုးသက်ရောက် ဂယက်ရိုက်ခတ်မှုရှိလာပုံကို ပြန်လှန်သုံးသပ်နိုင်ရန် ဖြစ်ပါသည်။ ဤလေ့လာမှု၏ လုပ်ငန်းများတွင် ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုများကြောင့် စခန်းတွင်း ကျန်ရှိနေသေးသည့်ဒုက္ခသည်များအပေါ် အမှန်တကယ်အကျိုးသက်ရောက် ထိခိုက်လာသည့် အခြေအနေများနှင့် တင်ကြိုမျှော်လင့်ထားရမည့် အကျိုးသက်ရောက်မှုများကို လေ့လာအကဲဖြတ်ရန် ဖြစ်ပါသည်။ ထို့အပြင် လက်ရှိဆောင်ရွက်နေသော၊ ဆောင်ရွက်ရန် ရည်ရွယ်ထားသော ကူညီပံ့ပိုးဆောင်ရွက်မည့်လုပ်ငန်းများကို လေ့လာရန်နှင့် ဤပြဿနာအပေါ် ရည်ရှည်ရည်မှန်းချက်ထား၍ တုံ့ပြန်ဖြေရှင်းနိုင်ရန်အတွက် အကြံပြုချက်များ ပေးနိုင်ရန် ဖြစ်ပါသည်။

ဤသုတေသနလုပ်ငန်းတွင် အရည်အသွေးအရ ချဉ်းကပ်လေ့လာမှုနှင့် အရေအတွက်အရ ချဉ်းကပ်လေ့လာမှု နှစ်မျိုးစလုံးပါဝင်မည် ဖြစ်ပါသည်။ အရေအတွက်အရ လေ့လာမှုများတွင် စခန်းအတွင်းနေထိုင်နေကြသော ဒုက္ခသည်များအတွင်းရှိ အရည်အချင်းရှိသော၊ ပညာတတ်သော၊ အတွေ့အကြုံ ကျွမ်းကျင်မှုရှိသောသူများ အရေအတွက်၊ စခန်းအတွင်း စီမံခန့်ခွဲရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် လိုအပ်မည့်အရေအတွက်၊ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မည့် အစီအစဉ်တွင်

ပါဝင်ပြီးသားသူများ၏ အရေအတွက်များကို ကောက်ယူစုဆောင်းလေ့လာမည် ဖြစ်ပါသည်။ ဤကိန်းဂဏန်းများကို လေ့လာခြင်းဖြင့် လာမည့် ၂၀၀၇–၂၀၀၈ ခုနှစ်အတွင်း ဖြစ်ရှိလာမည့် ပညာတတ်သူ–ပညာမတတ်သူ လူဦးရေကို ခန့်မှန်းသိရှိ စေမည် ဖြစ်ပါသည်။ ရွှေ့ပြောင်းအခြေချနေထိုင်မှုကြောင့် ဖြစ်လာသည့်အကျိုးဆက်ကို အရည်အသွေးပိုင်းဆိုင်ရာအရလည်း လေ့လာခဲ့ပြီး လုပ်ငန်းများ၏ လက်တွေ့သဘော သဘာဝအမှန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ သဘောသဘာဝအမှန်ကို အတိ အကျနားလည်သဘောပေါက်စေခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုများ ဆောင်ရွက်နေစဉ်ကာလအတွင်း သုတေသနပြုသူများက တတ်နိုင်သမျှ ဘက်လိုက်မှုမရှိစေဘဲ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုကိစ္စနှင့် ပတ်သက်၍ ကြားနေသဘော ရပ်တည်ဆောင်ရွက်ခဲ့ကြပါသည်။ ဤနည်းအားဖြင့် တုံ့ပြန်ဖြေကြားသူများက သူတို့ကိုယ်တိုင်၏ ထင်မြင်ယူဆချက်များ၊ အလေးပေးဆောင်ရွက်သင့်သည်ဟု ၎င်းတို့ထင်မြင်သည့်ကိစ္စများကို သိရှိစုဆောင်းနိုင်ခဲ့ပါသည်။

## လက်ငင်းဖြစ်ပေါ်နေသော ရွှေ့ပြောင်းအခြေချမှု အခြေအနေ

ဆွေးနွေးမေးမြန်းအကြံဉာဏ်ရယူမှုများမှ ရရှိလာသောသိသာထင်ရှားသည့် ပင်မအချက်အလက်များက ထိုင်းနိုင်ငံတွင်းရှိ ဒုက္ခသည်စခန်းများတွင် ဖြစ်ပျက်နေသော ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုအခြေအနေ၏ သရုပ်သကန်ကို ပေါ်လွင်စေပါသည်။ ပထမအချက်အနေဖြင့် ဒုက္ခသည်များကိုယ်တိုင်၏ ရှာဖွေတွေ့ရှိချက်တစ်ခုဖြစ်သော စခန်းရှိ အထွေထွေအခြေအနေတစ်ခုလုံးကိုယ်၌ကပင် ဒုက္ခသည်များအား ပြောင်းရွှေ့ပြန်လည်အခြေချနေထိုင်ရန်အတွက် ကြိုးပမ်းလာစေသော သို့မဟုတ် ထိုသို့ရွှေ့ပြောင်းအခြေချနေထိုင်ရန် ရွေးချယ်စရာအချက်တစ်ချက်အဖြစ် စဉ်းစားလာရစေသောအဓိကအကြောင်းရင်း ဖြစ်နေခြင်းပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ပွားနေသော အပြီးမသတ်နိုင်သည့်ပဋိပက္ခများက ဒုက္ခသည်များအား ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် ခိုလှုံနေရမှုကာလကို တာရှည်စေပါသည်။ အချို့ဆိုလျှင် အနှစ် ၂၀ ပင်ကျော်နေကြပြီဖြစ်သည်။ လောလောဆယ်တွင် စခန်းများအတွင်းရှိ ဒုက္ခသည်များမှာ ကူးသန်းသွားလာမှု အကန့်သတ်ခံထားကြရပါသည်။ ခြုံ၍ဆိုရလျှင် ဒုက္ခသည်များအား ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရန် တွန်းအားပေးနေသည်မှာ ဒုက္ခသည်များတွင် အရိုးစွဲနေသော တတိယနိုင်ငံတစ်နိုင်ငံသို့ အမြဲတမ်းပြောင်းရွှေ့အခြေချနေထိုင်လိုသော စိတ်ဆန္ဒထက် စခန်းများတွင်ဖြစ်ပျက်နေသော အထက်ဖော်ပြပါ အကြောင်းအချက်များက ပိုမိုအဓိကကျသော တွန်းအားများဖြစ်ပါသည်။ တဆက်တည်းတွင် ဒုတိယအချက်အနေဖြင့် ရေရာမှုမရှိသော အနာဂတ် အခြေအနေကလည်း ဒုက္ခသည်များ၏ ရွှေ့ပြောင်းပြန်လည်အခြေချ နေထိုင်ရေးနှင့်ဆက်နွယ်နေသည့် ကိစ္စရပ်အားလုံးကိုဘက်ပေါင်းစုံမှ စဉ်းစားစရာဖြစ်နေစေပါသည်။ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရန် လျှောက်လွှာတင်သင့် မတင်သင့်မှအစပြု၍ မည်သည့်အချိန်တွင် လျှောက်လွှာတင်သင့်သည် (ချက်ချင်းလား နှစ်အနည်းငယ်ကြာမှ တင်သင့်သလား)စသည်တို့အပြင် ဘယ်မိသားစုဝင်တွေကို ထည့်လျှောက်သင့်သနည်း၊ မည်သည့်နိုင်ငံသို့ ဦးတည်လျှောက်ထားသင့်သနည်း စသည့်အချက်များမှာ ဒုက္ခသည်များအတွက် အလေးအနက်ထားစဉ်းစားစရာ ဖြစ်နေပါသည်။

## ရွှေ့ပြောင်းအခြေချနေထိုင်မှု၏အကျိုးဆက် (ခြုံငုံလေ့လာသုံးသပ်ချက်များ)

၂၀၀၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်မေလဆန်းပိုင်းအထိ စခန်း (၉)ခုစလုံးမှ တတိယနိုင်ငံများသို့ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရန် ထွက်ခွါသွားကြသော ဒုက္ခသည်ဦးရေမှာ ၅၅၀၀ မကျော်လွန်ခဲ့ပါ။ ထိုပမာဏသည် ဒုက္ခသည်စခန်းများတွင် တရားဝင်မှတ်ပုံတင်ထားသောဒုက္ခသည်ဦးရေ၏ ၄.၂ ရာခိုင်နှုန်းသာရှိသော်လည်း အကျိုးဆက်မှာ သိသာလှပါသည်။ ယခုမှ ရွှေ့ပြောင်းပြန်လည် အခြေချနေထိုင်ကြရန် အစပျိုးဆဲဖြစ်သော စခန်းများတွင်ပင်လျှင် ထင်သာမြင်သာရှိလှပါသည်။ စခန်းအားလုံးနီးနီးမှ ပညာတတ်များသည် ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရေးကို စိတ်ဝင်စားကြပြီး လျှောက်လွှာတင်ခဲ့ကြပါသည်။ ရွေးလည်းအရွေးခံကြရပြီး တတိယနိုင်ငံများသို့ ထွက်ခွါသွားကြသော ပညာတတ်များ၏ ရာခိုင်နှုန်းအချိုးအစားမှာ ကျန်သာမန်ပြည်သူများထက် အဆများစွာ ပိုများနေပါသည်။ စခန်း (၉)ခုစလုံးမှ ရွှေ့ပြောင်းအခြေချနေထိုင်ရန်ထွက်ခွါသွားကြသည့် သာမန်ပြည်သူများ၏အရေအတွက်မှာ ၂.၄ ရာခိုင်နှုန်းသာရှိသော်လည်း ၁၀ တန်းအောင်ပြီးသူများ၏အရေအတွက်မှာ ၁၀.၅

ရာခိုင်နှုန်းရှိနေပါသည်။ တပြိုင်နက်တည်း ရွှေ့ပြောင်းအခြေချနေထိုင်ရန် လျှောက်လွှာတင်ကြ၊ ထွက်ခွါသွားကြသော NGO လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေကြ သည့် NGO လုပ်သားများ၏အရေအတွက်မှာလည်း ကျန်သူများ၏အရေအတွက်နှင့်စာလျှင် အချိုးအစားအားဖြင့် မြင့်မားလှပါသည်။ ထို့အပြင် ရွှေ့ပြောင်းပြန်ညလည်အခြေချနေထိုင်ရန် ကြိုးစားနေသူများ၏ ပညာအရည်အချင်းကို ခွဲခြားရန် နှိုင်းယှဉ်ချက်အရ လွယ်ကူသည်ကတစ်ကြောင်း၊ NGO လုပ်သားများ၏အရေအတွက်ကို အတိုင်းအတာတစ်ခုအထိ ခန့်မှန်းတွက်ဆနိုင်သည်က တစ်ကြောင်းတို့ကြောင့် ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရန် ကြိုးပမ်းနေကြသည့် လုပ်ငန်းအတွေ့အကြုံရှိသူများ၊  ပြောဆိုလုပ်ကိုင် ခွင့်ရှိသူများနှင့် ခေါင်းဆောင်မှုအရည်အချင်းရှိသူများ၏ အရေအတွက်မှာလည်း ကျန်သူများထက် မြင့်မားများပြားလှသည်ကို တွေ့ရှိရ ပါသည်။

## ကျွမ်းကျင်လုပ်သားများ လျော့နည်းဆုံးရှုံးမှုအပေါ် လွှမ်းမိုးသက်ရောက်နေသည့် အချက်များ

ဒုက္ခသည်စခန်းများမှ ပညာတတ်များ၊ ကျွမ်းကျင်လုပ်သားများ လျော့နည်းဆုံးရှုံးနေမှုနှင့်ပတ်သက်သည့် အခြေခံအကြောင်းရင်း(၃) ခုရှိပါသည်။ ပထမအချက်မှာ ရွှေ့ပြောင်းအခြေချနေထိုင်လိုသော ပညာတတ်များ၏ အရေအတွက်အချိုးအစားမှာ စခန်းရှိလူဦးရေအားလုံး၏ အချိုးအစားထက် အဆများစွာများပြားနေခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့်ပင်လျှင် စခန်း (၉)ခုစလုံးမှ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်လိုသူများ၏အရေအတွက်ကို လေ့လာဆန်းစစ်ကြည့်ရာတွင် စုစုပေါင်းလူဦးရေ၏ ၃၈ ရာခိုင်နှုန်းကသာ ဆန္ဒရှိကြောင်းဖြေဆိုခဲ့ကြသော်လည်း ၁၀ တန်းအောင်ပြီးသားပညာတတ်များအနက် ၆၁ ရာခိုင်နှုန်းက ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်လိုကြောင်း ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းသည် အထူးအဆန်းမဟုတ်တော့ပါ။ ဒုတိယအချက်မှာ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး( UNHCR )၏ တန်းစီဇယား စည်းကမ်းသတ်မှတ်ချက်ဖြစ်ပါသည်။ ယင်းလုပ်ထုံးလုပ်နည်းအရ ထိုင်းနိုင်ငံသို့ အရင်အဦးရောက်နေသော ဒုက္ခသည်များသည် ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးမှ ကမကထပြု ဆောင်ရွက်ပေးသော ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရေးနိုင်ငံများသို့ ဦးစွာသွားရောက်နေထိုင်ခွင့် ရကြမည်ဖြစ်ပါသည်။ ဒုက္ခသည်စခန်းများတွင်မှ အကြာဆုံးရောက်နှင့်နေသော ပညာတတ်များကသာ ဦးစွာရွှေ့ပြောင်းအခြေချနေထိုင်ခွင့်ရရှိကြမည့်သူများဖြစ်ပါသည်။ တတိယအချက်မှာ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ခွင့်ပြုသောနိုင်ငံအချို့က ၎င်းတို့လက်ခံမည့်ဒုက္ခသည်များကို ရွေးချယ်ရာတွင် နောင်မူရင်းနိုင်ငံသို့ ပြန်လည်နေထိုင်မည့်အလားအလာကို အလေးထားထည့်တွက်နေကြသောအချက်ပင်ဖြစ်ပါသည်။

## လုပ်သားအင်အားနည်းပါးမှုနှင့်အစားထိုးခန့်အပ်ရန်ခက်ခဲမှု

စခန်းမှထွက်ခွါသွားကြသော ပညာတတ်များနှင့်လုပ်ငန်းကျွမ်းကျင်သူများ၏ နေရာကို စခန်းတွင်းရှိလုပ်သားများနှင့် အစားထိုးခန့်အပ်တာဝန်ပေးရန် ပို၍ပို၍ ခက်ခဲလာနေပါသည်။ ဒုက္ခသည်စခန်းများသည် လုပ်သားအင်အားအလွယ်တကူ ရှာဖွေရရှိနိုင်သော နေရာများမဟုတ်ခြင်းကြောင့် စခန်းတွင်ကျန်ရစ်သူများအတွက် လိုအပ်သောဝန်ဆောင်မှုများပေးရန် ကျွမ်းကျင်လုပ်သားရရှိ နိုင်မှုမှာ အကန့်အသတ်ရှိပါသည်။ အချို့စခန်းများတွင် ၁၀ တန်းအောင်ပြီးသူအားလုံးနီးပါးကို တာဝန်ပေးခန့်အပ်ထားပြီးဖြစ် နေသည်ကို တွေ့ရပါသည်။ ဤစာတမ်းအတွက် ပြုလုပ်ခဲ့သောသုတေသနပြုချက်များအရ လူဦးရေ ၇၀၀၀ ခန့်ရှိသော ဒုက္ခသည် စခန်းတစ်ခုကို လက်ရှိအနေအထားအတိုင်း ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ၁၀ တန်းအောင် ဝန်ထမ်း ၉၁၁ ဦးနီးပါး လိုအပ်ကြောင်း တွေ့ရှိရပါသည်။ အထက်ပါနှုန်းအတိုင်းသာ ၁၀ တန်းအောင်ပြီးသူများ စခန်းမှဆက်လက်ထွက်ခွါနေပါက ၆ လ အတွင်းတွင် စခန်းအားလုံးမှ ၁၀ တန်းအောင်ပြီးသူ ၃၈ ရာခိုင်နှုန်း လျော့နည်းသွားမည်ဖြစ်ပါသည်။ သို့သော် ထိုအချိန်ကာလအတွင်း စခန်းရှိစုစုပေါင်း လူဦးရေ၏ ၁၀ ရာခိုင်နှုန်းသာ လျော့နည်းသွားမည်ဖြစ်ပါသည်။ ထို့အပြင် စခန်းရှိစုစုပေါင်းလူဦးရေ လျော့နည်းလာသည့်နည်းတူ အချို့သောစခန်းအထိုင်ရာထူးများ လိုအပ်တော့မည်မဟုတ်တော့သော်လည်း ထိုလျော့နည်းလာမှုက ကျန်ရှိသည့်လူဦးရေအချိုးနှင့်နှိုင်းစာလျှင် အတိအကျအချိုးချ၍ရနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ကျွမ်းကျင်လုပ်သား လျော့နည်းရှားပါးလာမှုပြဿနာ ပို၍ပင်ကြီးထွားလာစေနိုင်ပါသည်။ ၁၈ လအတွင်း (၂၀၀၈ ခုနှစ်အကုန်) စခန်းတွင် ကျန်ရစ်

မည့် ၁၀ တန်းအောင်ဦးရေ အလွန်ပင်နည်းပါးသွားပါလိမ့်မည်။ အကယ်၍သာ လိုအပ်သော အရေးယူဆောင်ရွက်မှုများကို လိမ္မာကျွမ်းကျင်စွာနှင့်ချက်ခြင်းမဆောင်ရွက်နိုင်လျှင် ဒုက္ခသည်စခန်းများ၏ လုပ်ငန်းတာဝန်ကို အရည်အသွေး ပြည့်မီစွာဖြင့် ထမ်းဆောင်နိုင်သော ပညာတတ်လုပ်သားများ အလုံအလောက်ရနိုင်မည်မဟုတ်တော့ပါ။ ဒုက္ခသည်များနှင့် ဒုက္ခသည် များအရေးတွင်ပါဝင်ပတ်သက်နေသော လူပုဂ္ဂိုလ်အဖွဲ့အစည်းအားလုံးနှင့် လုပ်ငန်းကဏ္ဍအားလုံးမှ တာဝန်ရှိသူများအားလုံးက အရေးကြီးသည်မှာ (အရေအတွက်များလာအောင် အလွယ်တကူ လုပ်ပေးနိုင်သည့်)ပညာအရည်အချင်းသက်သက်မျှမဟုတ် (အလွယ်တကူလုပ်ပေး၍မရသော) နှစ်ရှည်လများစုဆောင်းလေ့လာယူရသော အတွေ့အကြုံသင်ခန်းစာများ။ လုပ်ကိုင်နိုင်ခွင့် နှင့် အဆက်အသွယ်ပေါက်ရောက်မှုတို့အပြင် ရရှိထားပြီးသော အနေအထားအဆင့်အတန်းတို့ကလည်း အရေးကြီးကြောင်း ထောက်ပြကြပါသည်။

ထို့အပြင် အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများက လုပ်သားအင်အားဆုံးပါးမှုကို ထေမိစေရန်အတွက် ရက်တိုသင်တန်း များဖွင့်လှစ်ဆောင်ရွက်နေနှင့်ကြပြီးဖြစ်သော်လည်း ထိုသင်တန်းများက စခန်းအလိုက်ဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ် မှတ်တမ်းများ ကို မှတ်မိနားလည်ခြင်းနှင့် နှစ်များစွာလေ့လာတည်ဆောက်ယူမှုရရှိလာနိုင်သည့် အမှီအခိုကင်းကင်းနှင့် ပါးနပ်ပြီး ထိုးထွင်း သိမြင်နိုင်မှုတို့ကို အလွယ်တကူ အစားထိုးရန် မဖြစ်နိုင်ပါ။ လူမှုရေးအသင်းအဖွဲ့များသည် ပညာတတ်ပြီး အတွေ့အကြုံရင့် ကျက်သောလုပ်သားများကို အစားထိုးရန်အတွက် အခက်ကြုံနေခဲ့ကြရပြီးဖြစ်ပါသည်။ အဖွဲ့အစည်းအများစုက ထွက်ခွါသွား သော ဝန်ထမ်းများကို ဆက်လက်အစားထိုးနိုင်ရန်အတွက် ပိုမိုခက်ခဲသောစိန်ခေါ်မှုများနှင့်ရင်ဆိုင်နေကြရပါသည်။ ထို့အတွက် ကြောင့်ပင် NGO များ က ဒုတိယတန်းခေါင်းဆောင်များ သို့မဟုတ် လေ့ကျင့်သင်တန်းပေးထားသော လုပ်သားများကို ချက်ခြင်း သို့မဟုတ်နောင်တွင် ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ခွင့်ပေးခြင်းသည် ပြန်လည်အစားထိုးရမှုဆီသို့ ဦးတည် စေကြောင်း သက်သေထူနေကြပြီဖြစ်ပါသည်။

**ရွှေ့ပြောင်းအခြေချနေထိုင်မှုအခြေအနေကိုအကြောင်းပြု၍ စခန်းများတွင်ဖြစ်ပေါ်နေသော ခံစားမှု**

ဒုက္ခသည်စခန်းများတွင် ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုနှင့်ပတ်သက်ပြီး ဖြစ်ပေါ်နေသော ခံစားမှုသဘောထားမှာ အရောရောအနှောနှော ဖြစ်နေပါ သည်။ ကာလကြာရှည် အဆုံးအဖြတ်စောင့်နေကြရသူ ဒုက္ခသည်များက ရွှေ့ပြောင်း ပြန်လည်အခြေချနေထိုင်မှုကို ဘဝသစ် တည်ဆောက်ရန်အခွင့်အရေးရနိုင်သည့် ပိုမိုကောင်းမွန်သော အနာဂတ်အဖြစ်မြင် ကြပါသည်။ အထူးသဖြင့် အရှည်တည်တံ့နိုင်မည့် အခြားဖြေရှင်းမှုတစ်ခုခု မရနိုင်သေးမီကာလအတွက် ကောင်းမွန်သော အလားအလာဟု ယူဆကြသည်။ သို့သော် ရွှေ့ ပြောင်းပြန်လည်အခြေချနေထိုင်ရေးသည် မိမိတို့၏ မူရင်းရပ်ရွာများသို့ ပြန်လာရေးဆိုသည့် အိပ်မက်ကိုစွန့်လွှတ်ခဲ့ရမည်ဖြစ်သဖြင့် အသစ်ကြုံတွေ့ရမည့် အစိမ်းသက်သက်ဝန်းကျင်အတွက် စိုးရိမ်သည့်ခံစားမှုများလည်း ဖြစ်ပေါ်နေကြပါသည်။ စခန်းများမှ ဒုက္ခသည်များကို တွေ့ဆုံမေးမြန်းခဲ့ရာတွင် မတူကွဲပြားသော ခံစားမှုအမျိုးမျိုးဖြစ်နေကြသည်ကို တွေ့ရှိရပါသည်။ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ခွင့်ရသူများက အနာဂတ်အလား အလာနှင့် မျှော်လင့်ချက်ရောင်ခြည်သန်းလာပြီဟု ခံစားမိကြသည်။ အငြင်းပယ်ခံရသူများက စိတ်ဓာတ်ကျနေကြပြီး ဒေါသလည်းထွက်နေကြပါသည်။ အပြီးသတ်အဆုံးအဖြတ်ကို စောင့်နေရသူများကမူ သို့လောသို့လောနှင့် စိတ်ပူပန်နေကြပြီး ယခုအထိဘာလုပ်မည်ဆိုသည်ကို မဆုံးဖြတ်ရသေးသူများကမူ စိတ်ရှုပ်စရာအခြေအနေနှင့် ကြုံတွေ့ နေကြရပါတော့သည်။

**ပညာရေး**

ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုက စခန်းများ၏ပညာရေးကို ပြင်းထန်ဆိုးရွားစွာ ထိခိုက်စေခဲ့ပါသည်။ အရည်အချင်းပြည့်မီ သော ဆရာများရရှိရေးမှာ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုမတိုင်ခင်ကာလများကတည်းက အခက်အခဲရှိနေခဲ့ပြီးသား ဖြစ်ပါသည်။ ယခုလည်း ထိုအတိုင်းဆက်ဖြစ်နေမည့်ပုံပေါ်နေပါသည်။ သို့သော် ပို၍စိုးရိမ်စရာကောင်းသည်မှာ ပညာရေးဆိုင်ရာ

ကြီးကြပ်အကြံပေးသူများ၊ ကျောင်းအုပ်ဆရာများ၊ ဘာသာရပ်ညှိနှိုင်းရေးမှူးများ၊ ဆရာဖြစ်သင်တန်းဆရာများနှင့် အခြားနှစ်ကာလတာရှည် တာဝန်ထမ်းဆောင်ခဲ့ကြသော ပညာရေးဝန်ထမ်းများ ဆုံးရှုံးနေမှုပင်ဖြစ်ပါသည်။ ထိုဆရာ ဆရာမ များကို သင်ရိုးညွှန်းတမ်းရေးဆွဲရေး၊ စာသင်ခန်းတွင်းစီမံခန့်ခွဲမှုနှင့် စာသင်ကျောင်း ကြီးကြပ်အုပ်ချုပ်ရေးဆိုင်ရာအတတ်ပညာ တို့ကဲ့သို့သော ပညာရေးဆိုင်ရာအတတ်ပညာများကို နှစ်ရှည်လများ သင်ကြားလေ့ကျင့်ပေးခဲ့ရခြင်းဖြစ်ပါသည်။ ပညာရေး ဆိုင်ရာကိစ္စရပ်များတွင် ဦးစီးဦးဆောင်ပြုနိုင်သူများကို ဆုံးရှုံးရခြင်းသည် ကာလတာရှည်ဆရာလုပ်မည့်သူမရှိဖြစ်နေသည့် ပြဿနာကို ပိုမိုဆိုးရွားလာစေပါသည်။ ထို့အတူ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရေးသည် သင်ကြားမှုသင်ယူမှု အရည် အသွေးကို လည်းကောင်း၊ စောင့်ကြည့်အကဲခတ်သုံးသပ်သည့် လုပ်ငန်းများကိုလည်းကောင်း၊ လေ့ကျင့်သင်ကြားရေး လုပ်ငန်း များကို လည်းကောင်း ဆိုးကျိုးသက်ရောက်ထိခိုက်နစ်နာစေပါသည်။

ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုနှင့်ဆက်နွယ်ပြီး ပညာရေးကဏ္ဍကိုထိခိုက်စေသည့် အခြားအကြောင်းအချက် နှစ်ချက် လည်း ရှိပါသေးသည်။ ပထမအချက်မှာ ဆရာများသည် အခြားအစိုးရမဟုတ်သောလူမှုရေးအသင်းအဖွဲ့များမှ ဝန်ထမ်းများ ထက် လုပ်ခလစာ နည်းကြပါသည်။ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရေးအစီအစဉ်ကြောင့် NGO လုပ်ငန်းများတွင် ပေါ်လာသော လစ်လပ်နေရာများသည် လစာပိုများခြင်းကြောင့် ပညာရေးလောကမှ ဆရာဆရာမများ ပြောင်းရွှေ့ဝင်ရောက် လုပ်ကိုင်လာကြခြင်းကြောင့် ပညာရေးကဏ္ဍတွင်ရင်ဆိုင်နေရနှင့်ပြီးဖြစ်သော ဆရာနှင့်ဝန်ထမ်းများဆုံးရှုံးနေရမှုကို ပိုမိုဆိုးရွားစေ ပါသည်။ ဒုတိယအချက်မှာ NGO များနှင့် လူထုအခြေပြုလူမှုရေးအသင်းများ (CBO)၏ အရည်အသွေးမြှင့်တင် တည်ဆောက် ရေး ချဉ်းကပ်မှုပုံစံသည် ကိုယ့်အားကိုယ်ကိုးအခြေခံမှုပေါ်တွင် အခြေပြုပုံစံထုတ်ရေးဆွဲထားခြင်း ပင်ဖြစ်ပါသည်။ အထူးသဖြင့် ဒုက္ခသည်များကို ၎င်းတို့ဘာသာ သင်တန်းများပေးနိုင်စေရန်၊ စောင့်ကြည့်အကဲခတ်မှုများပြုလုပ်နိုင်ရန်နှင့်အစီရင်ခံစာများ ရေးသားပေးပို့တတ်စေရန်အတွက် ရည်ရွယ်အားဖြည့် လေ့ကျင့်ပေးနေခြင်းပင်ဖြစ်ပါသည်။ ထိုချဉ်းကပ်မှုကိုယ်၌သည်ပင်လျှင် ဒုက္ခသည်များ၏ပညာရေးစနစ်ကို ဆုတ်ယုတ်ပျက်ပြားမှုဆီသို့ ဦးတည်သွားရန်အတွက် အားနည်းချိန့်စေသော အကြောင်းရင်း ဖြစ်နေသည်ကို တွေ့ရှိရပါသည်။

ပညာရေးဝန်ထမ်းများ၏အရည်အသွေး ကျဆင်းလာမှုနှင့် ဆရာဆရာမများ ရရှိရန် ပိုမိုခက်ခဲလာမှုတို့သည် ပညာရေးကဏ္ဍ အပေါ် ကြီးစွာထိခိုက်စေမည်ဖြစ်ပါသည်။ ထို့အပြင် အချိန်ကြာလာသည်နှင့်အမျှ ဒုက္ခသည်စခန်းတွင် ပညာရေးနိမ့်ကျလာမှု သည် စခန်းတွင်နေထိုင်ကြရသော ဒုက္ခသည်ထုကြီးအပေါ် အပြန်ပြန်အထပ်ထပ် ထိခိုက်စေမည်ဖြစ်ပါသည်။ အဆင့်မြင့် စခန်းအထိုင်ရာထူးတာဝန်များကို ထမ်းဆောင်နိုင်သော စခန်းတွင်းမှပညာတတ်များလျော့နည်းလာသည်နှင့်အမျှ ဒုက္ခသည် စခန်းများတွင် ဆောင်ရွက်ပေးနေသော ဝန်ဆောင်မှုများကို ထိခိုက်စေမည်ဖြစ်ပါသည်။

စခန်းများတွင် အင်္ဂလိပ်စာဆရာဖြစ်သင်တန်းဆရာများနှင့် အင်္ဂလိပ်စာဆရာများ ဆက်လက်ဆုံးရှုံးနေမည့်ပုံ ပေါ်နေပါသည်။ ထိုအချက်က စခန်းများတွင် အင်္ဂလိပ်စာသင်ကြားပေးသည့်သင်တန်းများ လျော့နည်းလာစေမည်ဖြစ်သည့်အတွက် စခန်းများ တွင် အင်္ဂလိပ်စကားပြောသူအရေအတွက် လျော့ကျလာမည်ဖြစ်ပါသည်။ အကျိုးဆက်အားဖြင့် NGO များအနေဖြင့် စခန်းပြင်ပမှ စကားပြန်များ ငှားရမ်းသုံးစွဲလာရမည်ဖြစ်သဖြင့် အုပ်ချုပ်မှုစရိတ်နှင့် ကုန်ကျစရိတ်များတိုးလာစေမည်ဖြစ်ပါသည်။

အရည်အသွေးပြည့်မီသော ပညာရေးဆိုင်ရာကြီးကြပ်အကြံပေးသူများနှင့် ကျောင်းအုပ်ဆရာများ ရရှိနိုင်မှုလျော့နည်းလာခြင်း သည် ကျောင်းဆရာများကို စောင့်ကြည့်ကြပ်မတ်နိုင်မှုအရည်အသွေးကိုပါ လျော့ကျလာစေတော့မည်ဖြစ်ပါသည်။ စာသင် ကျောင်းများကြီးကြပ်ထိန်းသိမ်းရေးနှင့် ကျောင်းတွင်းစည်းကမ်းထိန်းသိမ်းရေးကိုလည်း လျော့လျည်းလာစေမည်ဖြစ်ပါသည်။ ပညာသင်နှစ် အလယ်လောက်တွင် ကျောင်းများကို ပိတ်ပစ်ရခြင်း၊ ပြန်ဖွင့်နိုင်ရန်ပြန်လည်စုစည်းဆောင်ရွက်ရခြင်းများ

ဖြစ်ပေါ်လာနိုင်ပါသည်။ ထို့အပြင် စီမံချက်အဆိုပြုစာတမ်းများနှင့် အစီရင်ခံစာရေးသားနိုင်သော ဝန်ထမ်းနည်းပါးလာမှုကြောင့် ပြင်ပမှရရှိနိုင်သော ရန်ပုံငွေများ၊ အလှူငွေများ ဆက်လက်ရရှိနိုင်ရန်အတွက် ပိုမိုခက်ခဲလာတော့မည်ဖြစ်ပါသည်။

**ကျန်းမာရေး**

ပညာရေးကဏ္ဍတွင် ရင်ဆိုင်တွေ့ကြုံနေရသည့်အတိုင်း ကျန်းမာရေးကဏ္ဍအပေါ်သက်ရောက်နေသည့် ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှု၏ အကျိုးဆက်မှာ အရေအတွက်အရရော အရည်အချင်းအရပါ ပြင်းထန်ဆိုးရွားနေနှင့်ပြီးဖြစ်ပါသည်။ စခန်းအခြေစိုက် ကျန်းမာရေးလုပ်သားများ၏ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုအချိုးအစားမှာ မတန်တဆများပြားလွန်းလှပါသည်။ ၂၀၀၇ ခုနှစ်အတွင်း အချို့စီမံကိန်းများသည် ၎င်းတို့ဝန်ထမ်းအင်အား၏ ၅၀ ရာခိုင်နှုန်းကျော်ကို ဆုံးရှုံးခဲ့ကြရပါသည်။ အရည်အသွေးပိုင်းတွင် ကျန်းမာရေးကဏ္ဍတစ်ခုလုံးသည် ၎င်းတို့၏အတွေ့အကြုံအရင့်ကျက်ဆုံးသော ဆေးဘက်ဆိုင်ရာ စီမံခန့်ခွဲသူများနှင့် အထူးလေ့ကျင့်ထားသောဆေးပညာသည်များကို ဆုံးရှုံးနေကြရပါသည်။ ထိုလစ်လပ်သွားသော နေရာများသည် ကာလတိုအတွင်း အစားထိုးခန့်အပ်ရန် အလွန်ခက်ခဲသော နေရာများဖြစ်ပါသည်။ ထို့အပြင် လေ့ကျင့် သင်ကြားပေးရန်အချိန်ယူရပြီး အဆင့်မြင့်ကျွမ်းကျင်မှုလည်းလိုအပ်သော ဆေးပညာအဝန်းအဝိုင်းတွင် ရွှေ့ပြောင်းပြန်လည် အခြေချနေထိုင်မှု၏ အကျိုးဆက်နှင့်ချိန်ကိုက်ဖြစ်စေမည့် အစားထိုးမှုများ ဆောင်ရွက်ရန် ကြီးစွာအခက်တွေ့နေပါသည်။ ပိုမြင့်သောရာထူးအဆင့်များအတွက်မူ အစားထိုးရန် ပို၍ပင်ခက်ခဲနေပါတော့သည်။

ကျန်းမာရေးကဏ္ဍတွင် ကျွမ်းကျင်သော စကားပြန်များ၏အခန်းသည်လည်း အထူးအရေးပါလှပါသည်။ ခေတ်မီ ဆေးပညာဝေါဟာရများကို ကျွမ်းကျင်စွာနားလည်သဘောပေါက်နိုင်ရန်အတွက် အချိန်များစွာယူ၍လေ့ကျင့်သင်ကြားပေးရပါသည်။ ထိုကဲ့သို့သော ပညာသည်များကို အလျှင်အမြန်နှင့် အလွယ်တကူ အစားထိုးရန်မဖြစ်နိုင်ပါ။ ကျန်းမာရေးနယ်ပယ်မှ စကားပြန်များသည် ပညာရပ်ဆိုင်ဝေါဟာရများကို အထူးပြုလေ့လာထားရန် လိုအပ်ပါသည်။ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုများ မစတင်မီကတည်းက ထိုကဲ့သို့သောသင့်တော်သည့် ဝန်ထမ်းရရှိရေးအတွက် အခက်အခဲရှိခဲ့ကြပါသည်။ အင်္ဂလိပ်စကားရေလည်စွာပြောတတ်သော စခန်းအခြေစိုက်ဝန်ထမ်းလိုအပ်မှုနှင့်ပတ်သက်သော လေ့လာချက်တစ်ခုတွင် စခန်းတွင်းရှိ ဘာသာရပ်အလိုက် အင်္ဂလိပ်စကား ကျွမ်းကျင်သူ ၂၅၀ ခန့် ရှိသည့်အနက် အားလုံးနီးနီးဖြစ်သော ၁၈၄ ဦး (၇၅ ရာခိုင်နှုန်း)ကို ကျန်းမာရေးကဏ္ဍကလိုအပ်သည် ဟု ဖော်ပြထားပါသည်။

ရွှေ့ပြောင်းအခြေချနေထိုင်မှုကြောင့် အမှန်တကယ်ဖြစ်ပေါ်လာနိုင်သည့်၊ ဖြစ်ပေါ်လာမည်ဟုမျှော်လင့်ရသော အကျိုးဆက်များတွင် ရောဂါအမည်မှားယွင်းဆုံးဖြတ်ခြင်း၊ ကျန်းမာရေး ပြုစုစောင့်ရှောက်မှုအပေါ် လူနာများ အယုံအကြည်ကင်းမဲ့လာခြင်း တို့ကဲ့သို့သော ကျန်းမာရေးပြုစုစောင့်ရှောက်မှု အရည်အသွေးကျဆင်းလာခြင်းမျိုး ဖြစ်ပေါ်လာနိုင်ပါသည်။ ထိုသို့ဖြစ်လာလျှင် လူနာများ အချိန်လွန်၍ ရောဂါအခြေအနေဆိုးရွားလာမှ ဆေးခန်းသို့လာရောက်ပြသခြင်း၊ ဆေးရုံသို့ပို့ရသော လူနာပိုများလာခြင်း၊ အာဟာရချို့တဲ့မှု ပြင်းထန်ဆိုးရွာလာခြင်း၊ ကူးစက်ရောဂါများ ဖြစ်ပွားကူးစက်ပြန့်နှံ့ခြင်းနှင့် ကြိုတင်ကာကွယ်ကုသရေးစီမံချက်များတွင် ပြဿနာများဖြစ်ပေါ်လာနိုင်ခြင်းတို့ကဲ့သို့သော မလိုလားအပ်သော ဖြစ်ရပ်များဆီသို့ ဦးတည်သွားစေနိုင်ပါသည်။ (ရောဂါခံနိုင်ရည်ရှိစေခြင်း၊ ဖြည့်စွက်အာဟာရတိုက်ကျွေးခြင်းနှင့် ကြီးထွားမှုနှုန်း စောင့်ကြည့်အကဲ ခတ်ခြင်း တို့ကဲ့သို့သော ကျန်းမာရေးစီမံချက်များအပါအဝင်) အထက်ပါအချက်များအပြင် အတွေ့အကြုံနုနယ်သော မလုံ မလောက် ဆေးဝန်ထမ်းတို့က အရည်အသွေးမြင့်တင်ရေးသင်တန်းများနှင့် စီမံချက်များ၏ စွမ်းဆောင်နိုင်မှုအတိုင်းအတာကို ဖူးလေးရာဖရုံ ဆင့်သည်သို့ ထပ်ဆင့်ဝန်ပိစေမည်ဖြစ်ပါသည်။

**စခန်းအုပ်ချုပ်စီမံမှု**

ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် ဆောင်ရွက်နေကြသည့်အတိုင်း စခန်းစီမံအုပ်ချုပ်မှုကို စခန်းတွင်နေထိုင်သူများ၏ အရည်အချင်းဖြစ်ပေါ် တိုးတက်မှုပေါ်တွင် အခြေခံ၍ ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ စခန်းကော်မတီများနှင့် လူထုအခြေပြု လူမှုရေးအသင်းအဖွဲ့များသည် ရွှေ့ပြောင်းအခြေချနေထိုင်မှုကြောင့်ဖြစ်ပေါ်လာသော အကျိုးဆက်များကို နားလည်ရန်နှင့် အထိအခိုက်နည်းနိုင်သမျှနည်းအောင် ကြိုးပမ်းဆောင်ရွက်ရင်း အချိန်ကုန်နေကြရပါသည်။ ၎င်းတို့သည် စခန်းနှင့်ပတ်သက် သည့် စီမံချက်များ၊ စခန်းရှိလူများအပေါ်သက်ရောက်နေသော ရွှေ့ပြောင်းအခြေချနေထိုင်မှုကြောင့်ဖြစ်ပေါ်လာသည့် အကျိုး သက်ရောက်မှုနှင့် အချိန်ကိုက်ဆောင်ရွက်ရန်လိုအပ်မှုများကို ပိုမိုကျယ်ပြန့်စွာ ထုတ်ဖော်ပြောဆိုနေကြပါသည်။

စခန်းကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးအကြံဉာဏ်ရယူခဲ့မှုများတွင် စခန်းအုပ်ချုပ်ရေးကော်မတီဝင်များက ရွှေ့ပြောင်း အခြေချနေထိုင်မှု၏ အကျိုးဆက်ကို စခန်းဖွဲ့စည်းအုပ်ချုပ်စနစ်ပုံအရ ယခုအချိန်အထိ ဆက်ထိန်းထားနိုင်သေးသည်ဟု ဆိုကြပါ သည်။ စခန်းအုပ်ချုပ်မှုကော်မတီများကို နိုင်းယှဉ်ချက်အရအဆင်ပြေချောမွေ့စွာဖြင့် တဆက်ပြီးတဆက်လွှဲပြောင်း တာဝန်ပေး နိုင်ခဲ့ကြပါသည်။ သို့သော် အရေးကြီးသောလုပ်ငန်းတာဝန်နေရာလစ်လပ်မှုကြောင့် ကျန်သောကော်မတီဝင်များ အပေါ် ပို၍ ဝန်ပိလာစေသည်ဟု ဆိုကြပါသည်။ ခြုံ၍ဆိုရလျှင် စခန်းအုပ်ချုပ်မှုကော်မတီဝင်များတွင် ရွှေ့ပြောင်းပြန်လည်အခြေချ နေထိုင် ရေးအတွက် စခန်းကိုစွန့်ခွာသွားသူ သို့မဟုတ် ရွှေ့ပြောင်းအခြေချနေထိုင်ရေးအတွက် လျှောက်လွှာတင်သူ အနည်း အကျဉ်း သာရှိသည်ကို တွေ့ရသည်။ သို့သော်အချို့စခန်းများတွင်မူ စွန့်ခွာထွက်သွားသူ သို့မဟုတ် လျှောက်လွှာတင်သူဦးရေ ပိုများပါ သည်။

လူထုအခြေပြုလူမှုရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် သက်ရောက်လာနိုင်သည့် အကျိုးဆက်များအနက် ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုကြောင့် လုပ်ငန်းကျွမ်းကျင်ပြီးပညာတတ်၍ အတွေ့အကြုံရှိသော လုပ်သားများနည်းပါး လာသည် နှင့်အမျှ NGO များကလည်း အသင့်တော်ဆုံးလုပ်သားများကို ရှာဖွေရွေးချယ်ခန့်အပ်လာကြမည်ဖြစ်ပါသည်။ ထိုအခြေအနေအောက်တွင် NGO များသည် စခန်းအတိုင်လူထုအခြေပြုလူမှုရေးအသင်းအဖွဲ့များတွင် လုပ်ကိုင်နေကြသော အရည်အချင်းရှိသူများကို ရွေးချယ်ခန့်အပ်တာဝန်ပေးလာကြတော့မည်ဖြစ်ပါသည်။ ဝန်ထမ်းအင်အားနည်းလာသည်နှင့်အမျှ NGO များတွင် အချိန်ပြည့်လုပ်ကိုင်ကြရသောဝန်ထမ်းများသည် များသောအားဖြင့် လစာထောက်ပံ့ကြေးပေးနိုင်လေ့မရှိသော လူထုအခြေပြုလူမှုရေးအသင်းအဖွဲ့များတွင် အချိန်ပေးလုပ်ကိုင်နိုင်ကြတော့မည် မဟုတ်ပါ။

ရွှေ့ပြောင်းအခြေချနေထိုင်မှုသည် စခန်းများရှိလူ့အဖွဲ့အစည်းများ၏ ဘဏ္ဍာငွေရပေါက်ရလမ်းနှင့် အသက်သွေးကြောအရင်း အမြစ်များကိုလည်း လျော့နည်းစေနိုင်သည့်အလားအလာရှိပါသည်။ ပထမအချက်မှာ လူမှုရေးအသင်းအဖွဲ့ခေါင်းဆောင်များ နှင့် တွေ့ဆုံဆွေးနွေးမှုများတွင် ခေါင်းဆောင်များက အစောပိုင်းကာလများတွင် စခန်းမှပညာတတ်များက စခန်းတွင်းရှိ အသေး စားစိုက်ပျိုးရေးလုပ်ငန်းစီမံချက်များအတွက် လိုအပ်သော မျိုးစေ့အစရှိသည်များကိုဝယ်ယူနိုင်ရန်အတွက် အလှူရှင်အဖွဲ့ အစည်းများသို့ တင်ပြအကူအညီတောင်ခံနိုင်ရန်အတွက် စီမံချက်အဆိုပြုလွှာများ ရေးသားပေးကြသဖြင့် အဆင်ပြေနေခဲ့ ကြောင်း၊ ထိုပညာတတ်များ စခန်းကိုစွန့်ခွာသွားသည့်နောက်ပိုင်းတွင် စခန်းများအတွက် အသက်သွေးကြောတမျှအရေးကြီး သောအလားတူလုပ်ငန်းများအတွက် အထောက်အပံ့ရန်ပုံငွေမရရှိတော့သဖြင့် စခန်း၏အရင်းအမြစ်များကို ထိခိုက်စေကြောင်း ပြောဆိုကြပါသည်။ ဒုတိယအချက်မှာ အချို့စခန်းများတွင် စခန်းအုပ်ချုပ်မှုကော်မတီဝင်များက ၎င်းတို့၏အချိန်နှင့် စွမ်းအား များကို ရွှေ့ပြောင်းအခြေချနေထိုင်မှုအစီအစဉ်ကို အထောက်အကူပြုရန်အတွက် အသုံးချလိုကြောင်းပြောကြပါသည်။

**ရွှေ့ပြောင်းအခြေချနေထိုင်မှုကြောင့် ထိခိုက်ခံရသော အခြားလူအုပ်စုများ**

ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုသည် ဒုက္ခသည်စခန်းများ၏ ကျန်းမာရေး၊ ပညာရေး၊ စခန်းစီမံအုပ်ချုပ်ရေးများအပေါ် အကျိုးသက်ရောက်ထိခိုက်စေသည့်နည်းတူ စခန်းရှိ အခြားသောသီးခြားလူအုပ်စုများကိုလည်း ထိခိုက်စေပါသည်။ အထူးသဖြင့် အလွန်အမင်းအကာအကွယ်မဲ့ပြီးထိခိုက်လွယ်သူ(EVI)များနှင့် မိသားစုနှင့်တကွဲတပြားစီဖြစ်နေသော ကလေးသူငယ်များကိုလည်း ထိခိုက်ကောင်းထိခိုက်စေနိုင်ပါသည်။ တဖက်တွင် (EVI)များသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၊ NGO များနှင့် CBO များ၏ အကူအညီမပါဘဲနှင့် ရွှေ့ပြောင်းအခြေချနေထိုင်ရေးဖြစ်စဉ်တွင် ပါဝင်ခွင့်ရရန် ဖြစ်နိုင်ခြေနည်းပါးလှပါသည်။ လုပ်ငန်းကျွမ်းကျင်သူများနှင့်ပညာတတ်များကသာ အရင်ဦးဆုံး လျှောက်ထားခွင့် ရရှိကြသဖြင့် (EVI)များသည် ရွှေ့ပြောင်းအခြေချနေထိုင်မှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို လက်လှမ်းမီရန် အခွင့်အလန်း အလွန်နည်းပါးလှပါသည်။ ထို့အပြင် ရွှေ့ပြောင်းအခြေချနေထိုင်ခွင့်ရရှိရေးအတွက် လျှောက်လွှာရေးဖြည့်ရန်အတွက်ပင် ၎င်းတို့အတွက် ဝန်ထုပ်ဝန်ပိုးကြီးသဖွယ်ဖြစ်နေပါတော့သည်။ EVI များနှင့်ဆက်နွယ်သောကိစ္စရပ်များသည် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာအရေးအရာများတွင် ဦးစားပေးဆောင်ရွက်ရန်လို၍ ယင်းသို့သော အစောင့်ရှောက်ခံလူပုဂ္ဂိုလ်များသို့မဟုတ် မိသားစုများအတွက် ချက်ခြင်းဆောင်ရွက်ပေးရန်လိုအပ်သည်။ မိသားစုနှင့်တကွဲတပြားစီဖြစ်နေသော ကလေးသူငယ်များသည် ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရေးဖြစ်စဉ်အတွင်းတွင် အကာအကွယ်မဲ့ပြီးထိခိုက်လွယ်သူများဖြစ်သွားနိုင်သည့် အန္တရာယ်ရှိနေကြပါသည်။ အကြောင်းမှာ ၎င်းတို့အား မိဘအုပ်ထိန်းသူတို့၏ သဘောတူခွင့်ပြုချက်မပါဘဲ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ခွင့်ပေးရန် ခဲယဉ်းလှသောကြောင့်ဖြစ်ပါသည်။

**ကောင်းကျိုးများ**

ဖြစ်စဉ်၏စောစောပိုင်းအဆင့်များတွင် စခန်းတွင်ကျန်နေရစ်ကြသူများအတွက် ကောင်းကျိုးအချို့လည်း ရှိပါသည်။ ချွင်းချက်နှစ်ရပ်ရှိပါသည်။ ပထမအချက်မှာ စခန်းတွင် ကျန်ရစ်ခဲ့သူများနှင့် CBO များထံသို့ သက်ဆိုင်ရာနိုင်ငံများသို့ ရောက်ရှိနေသူများထံမှ ငွေများ စတင်ဝင်ရောက်လာ ခြင်းပင်ဖြစ်ပါသည်။ ဒုတိယအချက်မှာ ကာလကြာရှည်တာဝန်ထမ်းဆောင်ခဲ့သောပုဂ္ဂိုလ်များ အရေးကြီးသော ရာထူးများမှ စွန့်ခွါသွားကြသည့်အခါ ခေါင်းဆောင်သစ်များ ထပ်မံပေါ်ပေါက်လာရန်အတွက် အခွင့်အရေးဖန်တီးပေးသလို ဖြစ်လာနိုင်ခြင်းဖြစ်ပါသည်။ အချို့စခန်းများတွင် ထိုအတိုင်း ဖြစ်ခဲ့ပါသည်။

**ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရေးစရိတ်**

အကယ်၍သာ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရေးက ဒုက္ခသည်စခန်းများရှိလူဦးရေကို လျော့ကျစေသည်ဆိုလျှင် ဒုက္ခသည်စခန်းများအတွက် သုံးစွဲရသော ကုန်ကျငွေလည်း လျော့ကျလာရမည်ဟု ယူဆရမည်ဖြစ်ပါသည်။ ရေရှည်တွင် အကယ်၍သာ စခန်းရှိလူဦးရေ အမှန်တကယ်လျော့ကျသွားမည်ဆိုလျှင် ဒုက္ခသည်များအတွက် စားနပ်ရိက္ခာခွဲတမ်း၊ စခန်းရှိလုပ်သားများသို့ ပေးရသော အထောက်အပံ့နှင့် အိမ်သုံးပစ္စည်းများအတွက် ကုန်ကျစရိတ်များ လျော့ကျလာသည်နှင့်အမျှ အထွေထွေကုန်ကျစရိတ်များလည်း လျော့ကျလာနိုင်ပါသည်။ သို့သော် လောလောဆယ်အချိန်နှင့် ကာလတိုအတွင်းတွင်မူ NGO များနှင့် CBO များက ဒုက္ခသည်များအား စံချိန်မီဝန်ဆောင်မှုပေးရန်ကြိုးစားနေကြစဉ်အတောအတွင်း နယ်ခြားဒေသရှိ ဒုက္ခသည်စခန်း ၉ ခုစလုံးကို ဆက်လက်ထိန်းထားနိုင်ရန်အတွက် ငွေကုန်ကြေးကျများနိုင်ပါသည်။

**အတွင်းကျကျပါဝင်ပတ်သက်နေသော လူပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့်ပတ်သက်၍ အကြံပြုချက်များ**

ဤအစီအရင်ခံစာကို ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုဖြစ်စဉ်တွင် အတွင်းကျကျပါဝင်ပတ်သက်နေသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့်ပတ်သက်သည့် အကြံပြုချက်များဖြင့် အဆုံးသတ်ထားပါသည်။ အဆိုပါအကြံပြုချက်များသည် ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုကြောင့်ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုများအနက် ပို၍စိုးရိမ်စရာကောင်းသော အချက်များနှင့်ပတ်သက်ပြီး အပြုသဘောဆောင်ပြီး အကျိုးဖြစ်ထွန်းစေနိုင်သည့်အချက်များကို အကြံပြုထားသည့်အပြင် ရေရှည်ရည်မှန်းချက်ထားသည့် မဟာဗျူဟာများကိုလည်း အလေးပေးအကြံပြုထားသည်ကို တွေ့ရပါသည်။ အထူးသဖြင့် ပညာရေးနှင့်ကျန်းမာရေးနယ်ပယ်များမှ လုပ်ငန်းကျွမ်းကျင်ပြီး ပညာတတ်သောပညာသည်ဝန်ထမ်းများ အလျှင်အမြန်လျော့နည်းဆုံးရှုံးနေရသည့် ပြဿနာနှင့်ပတ်သက်၍ အထူးအလေးပေး အကြံပြုထားသည်ကို တွေ့ရပါသည်။ ထိုအကြံပြုချက်များသည် ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုဖြစ်စဉ်တွင် အဓိကပါဝင်ပတ်သက်နေကြသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများက အကြံပြုခဲ့ကြသော စခန်းတွင်ကျန်ရစ်ခဲ့မည့် ဒုက္ခသည်များအား ဆက်လက်ပေးအပ်နေရမည့် ဝန်ဆောင်မှုများအပေါ် ဆိုးကျိုးသက်ရောက်မှုအနည်းဆုံးဖြစ်စေမည့် အကြံပြုချက်များနှင့် ၎င်းတို့ရှာတွေ့ထားသည့်ဗျူဟာများကို ထင်ဟပ်ထားခြင်းဖြစ်ပါသည်။

NGO များနှင့် CBO များ

၁။ စခန်းအခြေစိုက်လုပ်ငန်းစီမံချက်များတွင် အစားထိုးခန့်အပ်ရန် လေ့ကျင့်သင်တန်းပေးခြင်းနှင့်အလုပ်သင်လေ့ကျင့်ပေးခြင်းများ ကိုဆက်လက်ဆောင်ရွက်ရန်။

– စီမံချက်လုပ်ငန်းများကို ဆက်လက်ထိန်းထားနိုင်ရန်အတွက် ဖြစ်ပေါ်လာသော လစ်လပ်ကွာဟမှုများရပ်တန့်သွားစေရန်အလို့ငှာ ပညာရေး၊ ကျန်းမာရေးနှင့် စခန်းအုပ်ချုပ်ရေးကဏ္ဍများအတွက် လိုအပ်မည်ဖြစ်သော ကျွမ်းကျင်လုပ်သားများနှင့်ပညာတတ်များအား မွေးထုတ်ပေးနိုင်ရန်အတွက် ရေရှည်အရည်အသွေးတည်ဆောက်လေ့ကျင့်ရေးကို အရှိန်မြှင့် လုပ်ဆောင်သွားရန်၊

– ဖြတ်သန်းမှုအတွေ့အကြုံကို အချိန်တိုအတွင်း အလျှင်အမြန်သင်ယူနိုင်ရန်အတွက် ရနိုင်သမျှသောအတွေ့အကြုံရှိသူများကိုအားပြု၍ အလုပ်သင်လေ့ကျင့်ပေးခြင်းကို ဆောင်ရွက်ရန်၊

– NGO ဝန်ထမ်းများအနေဖြင့် ပိုမိုကြီးမားသောလုပ်ငန်းများလုပ်ကိုင်လာနိုင်စေရန်နှင့် ခရီးသွားလာရမှုများကိုအလျှော့အတင်းပြုလုပ်နိုင်စေရန်အတွက် RTG များနှင့်ဆက်လက်လက်တွဲလုပ်ကိုင်ဆောင်ရွက်သွားရန်၊ (RTG များအတွက်ထောက်ခံအကြံပြုတင်ပြချက်များကို ကြည့်ပါ)

၂။ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများ၏ အရေးပါသောအစိတ်အပိုင်းများတွင် ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှုကြောင့်ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုများ (ရန်ပုံငွေနှင့်လုပ်သားအင်အားနှစ်မျိုးစလုံး)ကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်ရရှိနိုင်သော အရင်းအမြစ်များကို အရေးပါမှုအဆင့်ဆင့်အလိုက် ခန့်ခွဲသွားရန် လိုအပ်ပါသည်။

– ငွေကြေးနည်းပါးမလုံလောက်သောစခန်းများတွင် ကျန်းမာရေးနှင့်ပညာရေးကဏ္ဍများမှ လစ်လပ်နေရာများအားအစားထိုးနိုင်မည့် လေ့ကျင့်ရေးသင်တန်းများကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်သင့်ပါသည်။ အထူးသဖြင့် အောက်ပါအချက်များမဖြစ်မနေပါဝင်သင့်ပါသည်။

– ၁၀ တန်းလွန်ပညာရေး

– ဆရာဖြစ်သင်တန်းများ

– ဆေးဘက်ဝန်ထမ်း သင်တန်းများ

– RCH သင်တန်းများ

– ဖြစ်နိုင်သောနေရာများတွင် ပြောင်းရွှေ့သွားတော့မည့် ဒုက္ခသည်များအတွက်ရော စခန်းတွင်ကျန်ရစ်မည့်သူများအတွက်ပါ အထောက်အကူဖြစ်စေနိုင်သော အရင်းအဖြစ်ဖွံ့ဖြိုးရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်၊

ဥပမာအားဖြင့်– ကျန်ရစ်ခဲ့မည့် ဒုက္ခသည်များနှင့်သက်ဆိုင်သော အင်္ဂလိပ်စာနှင့် သင်တန်းများ တိုးမြှင့် ဆောင်ရွက်ခြင်း

– စခန်းတွင်ဖြစ်ပေါ်နေသော ရာထူးအဆင့်အလိုက် လစာထောက်ပံ့ကြေးကွာဟနေမှုကို သတိပြုကိုင်တွယ်ရန်နှင့် စခန်းအထိုင်လုပ်သားများသည် ပိုမိုများပြားသော ထောက်ပံ့ကြေးလစာများရရှိရန်အတွက် ၎င်းတို့အား မဖြစ်မနေလိုအပ်နေသည့် လုပ်ငန်းတာဝန်များမှ စွန့်ခွာသွားတတ်သည်ကို အထူးသတိပြုရန်

၃။ စခန်းအခြေစိုက် အဖွဲ့အစည်းဆိုင်ရာဖြစ်ပေါ်တိုးတက်မှုကို နားလည်ကျွမ်းကျင်သူများ ဆုံးရှုံးရမှုကို ကာကွယ်သည့်အနေဖြင့် နှစ်ရှည်လုပ်ကိုင်မည့် နိုင်ငံခြားသားများနှင့် ပြည်တွင်းမှကျွမ်းကျင်သူများကို စာချုပ်ချုပ်ဆိုခန့်အပ်ခြင်းအားဖြင့် စနစ်တခုလုံးကို ဆက်တိုက်ပံ့မှန်လည်ပတ်နေအောင်ဆောင်ရွက်ရန်၊

၄။ NGO များနှင့် CBO များအား ပြန်လည်အခြေချနေထိုင်ပြီးသူများထံမှရရှိသော အရင်းအမြစ်များကို အခြေပြုဆောင်ရွက်၍ ရသော အစီအစဉ်သစ်များနှင့် လုပ်ငန်းစီမံကိန်းများဆောင်ရွက်သွားရန်၊

– လိုအပ်သောနေရာများနှင့်ဖြစ်နိုင်သောနေရာများတွင် ပြောင်းရွှေ့အခြေချနေထိုင်ပြီးသူများအား ဘာသာပြန်သူများ အဖြစ်အသုံးပြုရန် (ဥပမာ– သင်ရိုးညွှန်းတမ်းများကို ဘာသာပြန်စေခြင်း)

– ပြောင်းရွှေ့အခြေချနေထိုင်ပြီးသူအများစုက ဒုက္ခသည်စခန်းများကို ဆက်လက်ကူညီလိုစိတ်ရှိကြသည်ကို တွေ့ရှိရသည့်အတွက် စခန်းနှင့်ပတ်သက်ပြီး အတွေ့အကြုံနှင့်ကျွမ်းကျင်မှုရှိသူများအား အကောင်းဆုံးအသုံးပြုနိုင်စေရန် အတွက် ရွှေ့ပြောင်းအခြေချနေထိုင်သူများနှင့်ပတ်သက်သော အချက်အလက်သိုမှီးသည့်စနစ်(Database)တစ်ခု တည်ဆောက်ထားရှိရန်၊

– ပြောင်းရွှေ့အခြေချနေထိုင်ပြီးသူများ ဒုက္ခသည်စခန်းများမှအဖွဲ့အစည်းများတွင် ကာလတိုဖြစ်စေ၊ ရေရှည်ဖြစ်စေ ပြန်လည်လာရောက် အလုပ်လုပ်ကိုင်နိုင်သည့် ပြန်လည်လုပ်ကိုင်မှုစနစ်တရပ်ဖြစ်ပေါ်လာစေရန် တွန်းအားပေးဆောင်ရွက် သွားရန်၊ (ရွှေ့ပြောင်းပြန်လည်အခြေချခွင့်ပြုသည့် နိုင်ငံများနှင့်ပတ်သက်သည့် ထောက်ခံအကြံပြုတင်ပြချက်များကို ကြည့်ပါ)

၅။ အကျိုးဆက်ခန့်မှန်းထိန်းချုပ်နိုင်သော ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရေးဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာစေရန်အတွက် ဆက်လက်တွန်းအားပေး ဆောင်ရွက်ရန်၊ (ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးနှင့်ပတ်သက်သည့် ထောက်ခံအကြံပြု တင်ပြချက်များ)

၆။ စခန်းအခြေစိုက်ဝန်ထမ်းများအား ပွင့်လင်းသည့်အမြင်သဘောထားများ ထုတ်ဖော်ပြောဆိုနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ ဝန်ထမ်းများအတွက် (၁) ၎င်းတို့အတွက် အကျိုးအများဆုံးဖြစ်စေမည့် အခြေခံပေါ်မှ ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရေးကို စဉ်းစားဆုံးဖြတ်ရန် တိုက်တွန်းခြင်း (၂) ၎င်းတို့၏ အလုပ်ရှင်အဖွဲ့အစည်းများအား ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရေးနှင့် ပတ်သက်၍ ၎င်းတို့ရောက်ရှိနေသည့် အဆင့် (လျှောက်ထားဆဲ၊ လျှောက်လွှာတင်ပြီး၊ ရွေးချယ်ခံရပြီး၊ ဆေးစစ်ပြီး စသည်) ကို သတင်းပေးအကြံပြုခြင်း၊

၇။ အလွန်အမင်းအကာအကွယ်မဲ့ပြီး ထိခိုက်လွယ်သူများအနက် ရွှေ့ပြောင်းအခြေချနေထိုင်မှုကို အမှန်တကယ်စိတ်ဝင်စားသူ များကို ရှာဖွေဖော်ထုတ်ရန်၊ ၎င်းတို့အတွက်အကျိုးရှိနိုင်သည်ဆိုပါက ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးနှင့်အတူ ၎င်းတို့အတွက် ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရေးနှင့်ပတ်သက်ည့် ဆောင်ရွက်ရန်ရှိသည်များကို ကူညီဆောင်ရွက်ပေးရန်

၈။ ဤအစီရင်ခံစာ၏ ရှာဖွေတွေ့ရှိချက်များကို လူပုဂ္ဂိုလ်အဖွဲ့အစည်းအများအပြားက စိတ်ဝင်စားကြမှုကို တုံ့ပြန်သည့်အနေဖြင့် တည်းဖြတ်ထားသော အစီရင်ခံစာကျဉ်းချုပ်ကို စိတ်ပါဝင်စားသောအဖွဲ့အစည်းများဖြစ်သည့် RTG အရာရှိများနှင့် ပါလတ် NGO များအတွက် ဖြန့်ဝေပေးရန်၊

၉။ ကျွမ်းကျင်ဝန်ထမ်းများ ဆုံးရှုံးနေမှုကို တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် ကျန်ဝန်ထမ်းများကို မက်လုံးပေးခြင်းများအပါအဝင် အခြားသော အားဖြည့်အရေးယူဆောင်ရွက်မှုများပြုလုပ်ရန်၊ ဥပမာအားဖြင့်–

– စခန်းအထိုင်ဝန်ထမ်းများကို စိတ်ဓာတ်မြှင့်တင်ပေးရန်အတွက် ဝန်ထမ်းများကို အထောက်အကူဖြစ်စေသည့် အပိုထောက်ပံ့ကြေးပေးခြင်း၊ တံဆိပ်ရိုက်ထားသော အဝတ်အစားများဝေငှခြင်း၊ နေလည်စာကျွေးမွေးခြင်းများ၊ တသီးတခြားတည်ရှိသော နေရာထိုင်ခင်းများ ပေးအပ်ခြင်းတို့ကဲ့သို့သော ရိုးစင်းသောအထောက်အပံ့အကူအညီများပေးခြင်း၊

– ထွက်ခွါသွားမည့်ဝန်ထမ်းများကိုရော ကျန်ရစ်နေသည့်ဝန်ထမ်းများကိုပါ ထောက်ခံစာများရေးပေးခြင်း၊ ထိုအချက်သည် ၎င်းတို့ကျန်ရစ်နေစဉ်တွင် အားကြိုးမာန်တက်အလုပ်လုပ်ကိုင်ကြစေရန် အထောက်အကူဖြစ်စေပါသည်။ စခန်းတွင်ကျန်ရစ်ခဲ့ကြသော ဝန်ထမ်းများအတွက် ထောက်ခံစာများသည် ၎င်းတို့၏လုပ်ဆောင်မှုများကို အသိအမှတ်ပြုခြင်း၊ တန်ဖိုးထားခြင်းစသည်များကို ပေါ်လွင်ခံစားနိုင်ကြစေရန် အထောက်အကူဖြစ်စေပါသည်။

UNHCR, IOM, OPE

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး

၁။ ဒုက္ခသည်များကို လက်ခံသောနိုင်ငံများနှင့်ပူးပေါင်း၍ ရွှေ့ပြောင်းအခြေချနေထိုင်မှုအချိန်ကာလနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ထုတ်ပြန်ပေးရန်

– ရွှေ့ပြောင်းအခြေချနေထိုင်ရေးနှင့်ပတ်သက်သည့် အဆင့်တိုင်းအတွက် ကြာမြင့်နိုင်သည့် ခန့်မှန်းကာလများကို ဖော်ပြထားသည့် အခြေခံအချက်အလက်များကို ဖြန့်ဝေပေးရန်၊

– ဒုက္ခသည်များအား ၎င်းတို့ရောက်ရှိနေသည့် ဖြစ်စဉ်အဆင့်တိုင်းကို အတတ်နိုင်ဆုံး အသိပေးခြင်းအားဖြင့် ၎င်းတို့၏ အလုပ်ရှင်အဖွဲ့အစည်းများအား အခြေအနေကို အမြဲမပြတ် သတင်းပို့နိုင်နေစေရန်

– ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရေးနှင့်ပတ်သက်၍ အထူးသဖြင့် ဒုက္ခသည်များ ရွှေ့ပြောင်းထွက်ခွါချိန်ကို အချိန်နှင့်အမျှ ပေးပို့နိုင်ရန်အတွက် NGO များ၊ CBO များနှင့် စနစ်ကျသော တွေ့ဆုံဆွေးနွေးမှု စနစ်တစ်ရပ် ထူထောင်ရန်၊

ယင်းတွင် – ပေါင်းစပ်ညှိနှိုင်းရေးအစည်းအဝေးများအပြင် လစဉ်အစည်းအဝေးများ

– ဒုက္ခသည်များ၏ ရွှေ့ပြောင်းနေထိုင်ရေးနှင့်ပတ်သက်သည့် နောက်ဆုံးအနေအထားကို ရိုက်နှိပ်ဖော်ပြခြင်း၊ သက်ဆိုင်ရာဘာသာစကားများသို့ ဘာသာပြန်ခြင်း၊

၂။ ရွှေ့ပြောင်းအခြေချနေထိုင်မည့် နိုင်ငံများနှင့်ပတ်သက်သည့် အချက်အလက်များ ပိုမိုပြည့်စုံစွာပေးအပ်ခြင်း၊ CC များနှင့် CBO များက ဒုက္ခသည်များအနေဖြင့် မိမိရွှေ့ပြောင်းအခြေချနေထိုင်လိုသည့် နိုင်ငံကို မှန်ကန်စွာရွေးချယ်နိုင်စေရန်အတွက် လျှောက်လွှာမတင်ခင် သက်ဆိုင်ရာနိုင်ငံနှင့်ပတ်သက်သည့် သတင်းအချက်အလက်အပြည့်အစုံကို ကြိုတင်ရရှိထားသင့်ပါသည်။ လက်ခံနိုင်ငံများနှင့်ပူးပေါင်း၍ သက်ဆိုင်ရာနိုင်ငံများနှင့်ပတ်သက်သည့်အချက်အလက်များ (လူမှုဖူလုံရေး၊ ရာသီဥတု၊ နိုင်ငံရေးအခြေအနေ၊ လူမှုပတ်ဝန်းကျင်၊ အခြေချနေထိုင်သူ လူသစ်အတွက် ကြုံတွေ့ရနိုင်သည့် အခြေအနေများ စသည်တို့) ကို ဘက်မလိုက်ဘဲ ဒုက္ခသည်များအား ပိုမိုတိကျမှန်ကန်စွာဖြင့် ပေးအပ်ရန်လိုအပ်ပါသည်။ သို့မှသာ ဒုက္ခသည်များအနေဖြင့် ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်ရေးနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ရာတွင် ရနိုင်သမျှသောသတင်းအချက်အလက်များကို ထည့်သွင်းစဉ်းစား ဆုံးဖြတ်နိုင်ကြမည်ဖြစ်ပါသည်။

၃။ စခန်းလှုပ်ရှားမှုများ၊ စခန်းလုပ်ငန်းဆောင်ရွက်မှုများအပေါ် ရွှေ့ပြောင်းပြန်လည်နေထိုင်မှု၏ အကျိုးသက်ရောက်ရိုက်ခတ်မှုကို ဆက်လက်၍ သတိကြီးစွာထားပြီး စောင့်ကြည့်သွားရန် နှင့် NGO များနှင့် CBO များတို့၏ ပြန်လည်သတင်းပေးပို့ချက်များကို ထည့်သွင်းစဉ်းစားရန်။

၄။ CCSDPT နှင့် UNHCHR တို့၏ ဘက်စုံစီမံချက်များတွင် စခန်းများ၏လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်ရန် လိုအပ်သော ကျွမ်းကျင်ပြီးပညာတတ်သော ဝန်ထမ်းများအပေါ် ရွှေ့ပြောင်းပြန်လည်အခြေချနေထိုင်မှု၏သက်ရောက်မှုကို ကိုင်တွယ်ဖြေရှင်းမည့် တိကျသော အဆိုပြုစီမံချက်များမဖြစ်မနေ ထည့်သွင်းခြင်း၊